ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (20-10-2015) (၈၃၅၉)

**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# သန့်ရှင်းမှုဖြင့် ထိန်းသိမ်းရမည့် ချောင်းသာ၏ မနက်ဖြန်များ




ချောင်းသာကမ်းခြေကို တွေ့ရစဉ်။

"ချောင်းသာကမ်းခြေ သဲသောင်ပြင်အေးအေးလေးပေါ်မှာ ခြေဗလာနဲ့ လမ်းလျှောက်ရတဲ့အရသာကို အလွန်နှစ်သက်ခဲ့ပေမယ့် အခုတော့ ပုလင်းကွဲတွေရှိမှာ၊ ငါးကင်တုတ်ချောင်းတွေ စူးမှာစိုးရိမ်လို့ လမ်းမလျှောက်ဖြစ်တာကြာပြီ"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးသန်းမြင့်က ပြောသည်။

မကြာမီရက်တွေကလည်း ချောင်းသာကမ်းခြေရှိ GRANDဟိုတယ်နဲ့ BELLE ဟိုတယ်တို့မှ ကမ်းခြေသို့ ရေဆိုးဖောက်ချမှုသတင်းကလည်း ပျံ့နှံ့လျက်ရှိရာ ချောင်းသာကျေးရွာ ဒေသခံများနှင့်အတူ စိုးရိမ်ပူပန်နေရသည်။

"အခုရက်ပိုင်းအတွင်းမှာ ဟိုတယ်တချို့က ရေဆိုးတွေ ကမ်းခြေကို ဖောက်ချနေတယ်လို့ ကြားရတော့ အလွန်ကို စိတ်ပူတယ်"ဟု ဦးသန်းမြင့်က ဆက်ပြောသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪

"ချောင်းသာကမ်းခြေသို့ ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ စီးပွားလာရှာကြသူများလည်းရှိရာ စည်းကမ်းမဲ့နေထိုင်သူများကြောင့် ချောင်းသာပတ်ဝန်းကျင်သာယာလှပသန့်ရှင်းရေးအတွက် သက်ဆိုင်ရာအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်ရန် လိုလားလျက်ရှိ"

BBB
ဘီသုံးလုံး ကားအရောင်းစင်တာ
Specializes in Wagons(4WD)
38+40 ၊ကမ္ဘာ့အေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

ကြေးမုံ စာတည်းရှုထောင့် ၂၀-၁၀-၂၀၁၅၊ အင်္ဂါနေ့

# လွယ်ကူရှင်းလင်းပါသည်

နိုင်ငံနှင့် ပြည်သူအတွက် အလွန်အရေးကြီးသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် ၁၉ ရက်သာလိုတော့သည်။ ဤအချိန် ဤကာလတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့အမည်များ မဲစာရင်းတွင် အမှန်ပါဝင်မှုရှိ၊ မရှိ ဦးစွာသိရှိထားရန်လိုအပ်ပြီး နောက်ဆုံးအဆင့်အဖြစ် မဲပေးပုံ ပေးနည်းကို ကောင်းစွာသိရှိထားရန် လိုအပ်ပါသည်။

မဲဆန္ဒရှင်ပြည်သူများမှာ လူတန်းစားအမျိုးမျိုးရှိသောကြောင့် အသိအမြင်ရှိသောသူများအဖို့ မဆိုသာသော်လည်း ဝေးလံသောအရပ်ဒေသများမှ အသိအမြင်နည်းပါးသော မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ယနေ့အချိန်ကာလတွင် မဲပေးပုံ မဲပေးနည်းကို ကောင်းစွာသိရှိနားလည်ထားရန်လိုအပ်ပါသည်။ ထိုသို့သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာနယ်မြေအလိုက် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးမှုများ ဆောင်ရွက်ပေးနေသလို သတင်းစာများနှင့် ရုပ်သံလွှင့်ဌာနများကလည်း အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် အသိပေးလျက်ရှိနေသည်ကို မြင်တွေ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်စေရန်အတွက် အချိန်ကာလအစောပိုင်းကတည်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူများအား အသိပေးချပြလျက်ရှိသည်ကို မြင်တွေ့ရပါသည်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် မှတ်ကျောက်တင်ခံနိုင်ရေးအတွက်လည်း ရွေးကောက်ပွဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိကျစွာ ဆောင်ရွက်လျက်ရှိရာ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြစ်၍ အချို့ကိစ္စရပ်များတွင် အားနည်းချက်များ ရှိကောင်းရှိနိုင်မည်ကို နားလည်လက်ခံကြရပေလိမ့်မည်။

တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် သမာသမတ်ကျသော လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ညီညွတ်ရမည်ဖြစ်သည်။ ထို့အတူ မိမိတို့နှစ်သက်ရာကို မဲပေးရွေးချယ်ကြမည့် မဲဆန္ဒရှင်ပြည်သူများကလည်း ရွေးကောက်ပွဲရက်အချိန်ကာလတွင် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စနစ်တကျမဲပေးနိုင်အောင် ယခုအချိန်ကာလကတည်းက မိမိတို့အတွက် အရေးကြီးသော မဲတစ်ပြားကို စနစ်တကျပေးနိုင်စေရန် မဲပေးပုံ မဲပေးနည်းများကို ကြိုတင်လေ့လာမှတ်သားထားသင့်ပေသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများ၏ အားနည်းချက်များကို ပြန်လည်ပြုပြင်၍ မဲဆန္ဒရှင်များအတွက် အကောင်းဆုံးနှင့် အလွယ်ကူဆုံးဖြစ်အောင် စီမံထားခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မဲပေးခြင်းဆိုင်ရာ အသိအမြင်များကို ကြိုတင်လေ့လာသိရှိထားခြင်းဖြင့် မိမိတို့မဲများ ဆုံးရှုံးနစ်နာခြင်းမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် အသိအမြင်နည်းသော ကျေးလက်များတွင် မဲပေးနည်းစနစ်ကို နားလည်နိုင်ရန်အားနည်းချက်များရှိနိုင်သောကြောင့် အဆိုပါပြည်သူများအား သက်ဆိုင်ရာအဖွဲ့အစည်းများက အသိအမြင်များ အမြန်ဆုံးမျှဝေပေးကြရမည်ဖြစ်သည်။

အမှန်တွင် ယခုမဲပေးပုံနည်းစနစ်မှာ လူတန်းစားမရွေး အလွယ်တကူ မဲပေးနိုင်သော တံဆိပ်တုံးထုစနစ် ပြုလုပ်ထားသောကြောင့် မဲပေးရမည့်စာရွက်ကို သေချာစွာလေ့လာကြည့်ရှုပြီးနောက် စနစ်တကျတံဆိပ်တုံးထုလျှင် ကိစ္စပြီးပြတ်နိုင်ပေသည်။ မိမိတို့ရွေးချယ်မည့်အကွက်တွင် တံဆိပ်တုံးကို ကွက်တိကျအောင်ရိုက်နှိပ်လျှင် အကောင်းဆုံးဖြစ်သော်လည်း ကွက်တိမကျသော်လည်း သတ်မှတ်ဧရိယာအတွင်းရောက်နေလျှင်ပင် ခိုင်လုံမဲဖြစ်နိုင်သောကြောင့် မဲဆန္ဒရှင်များအတွက် အားသာချက်ရနေပေသည်။

အထူးသတိပြုရမည့်အချက်မှာ အကွက်နှစ်ခုကို တစ်ဝက်စီခွနင်းထားခြင်း၊ နှစ်ခါနှိပ်ခြင်း၊ လုံးဝမနှိပ်ခြင်း၊ သတ်မှတ်ထားသော ဧရိယာအပြင်ထွက်သွားခြင်း၊ အမှတ်အသားပြုခြင်း၊ မဲရုံမှူးလက်မှတ်မပါရှိခြင်းနှင့် ပေါ့ပေါ့လျော့လျော့ဆောင်ရွက်မိသောကြောင့် မဲလက်မှတ်စွန်းထင်းသွားခြင်း၊ စုတ်ပြဲသွားခြင်းတို့ကို အထူးဂရုစိုက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုကျင်းပတော့မည့်ရွေးကောက်ပွဲသည် နိုင်ငံနှင့်မဲဆန္ဒရှင်ပြည်သူများအတွက် စစ်မှန်ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပြီး လွယ်ကူရှင်းလင်းစွာဖြင့် မဲပေးနိုင်သော အခွင့်အလမ်းများ ရှိနေသောကြောင့် မဲဆန္ဒရှင်များက မဲပေးနည်းစနစ်များကို ကြိုတင်လေ့လာထားရန် တိုက်တွန်းချင်ပါသည်။ ။

## ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပျူရှေးဟောင်းမြို့များကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပြီးနောက် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆောင်ရွက်လျက်ရှိကြောင်း အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပခဲ့သော ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပုဂံဒေသကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ်တင်သွင်းခြင်းဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းနှင့် သမိုင်းကြောင်းကို ကမ္ဘာက ပိုမိုသိရှိစေမည်ဖြစ်ကာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရေရှည်တည်တံ့စေရေးကို ပိုမိုစနစ်တကျ ထိန်းသိမ်းစီမံဆောင်ရွက်နိုင်ခြင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးနှင့်အတူ ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းပြီး လူမှုစီးပွားဘဝများ စနစ်တကျတိုးတက်လာနိုင်စေခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးပြီး နိုင်ငံအတွက်လည်း ဝင်ငွေတိုးတက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူ ပညာရှင်များနှင့် ဒေသခံများက ဆွေးနွေးကြရာ ပုဂံဒေသအတွင်းရှိ ဧရာဝတီမြစ်အပါအဝင် တောတောင်မြေယာရှုခင်းများကိုပါ ထိန်းသိမ်းရန်လိုအပ်ပြီး ပုဂံဒေသ၏ အဓိကထွက်ကုန် ယွန်းပညာရပ်ကို ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ လူနေအိမ်များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များ၏ ရေဆိုးထုတ်လွှတ်မှုစနစ်ကို စိစစ်ရန်လိုအပ်ကြောင်း၊ မီးပုံးပျံများကို ရှေးဟောင်းအဆောက်အအုံတည်ရှိရာ ဇုန်ပြင်ပမှသာ အတက်၊ အဆင်းပြုလုပ်ပျံသန်းရန်လိုအပ်ကြောင်းကို ညှိနှိုင်းသဘောတူကြကြောင်း သိရသည်။

(ကြေးမုံ)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၁၂-၁၀-၂၀၁၅ ရက်နေ့မှ ၁၆-၁၀-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၂၄ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၈၄ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၀၀၀၀ | - | ၇၉၀၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၀၀၀၀ | - | ၇၉၀၀၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၅၆. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၁. ၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၆. ၃၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၅. ၂၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၈၀၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၇၅. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၃. ၄၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၂၉. ၉၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၂၆. ၈၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ယင်းမာပင်ခရိုင်၌ ကျင်းပ

**ယင်းမာပင် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့တွင် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွှန့်က မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဖြစ်သည့် အဆို၊ အက၊ အရေးနှင့် အတီးများကို ဆက်လက်ထိန်းသိမ်းပြီး မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ရေးတို့အတွက် နှစ်စဉ် မြို့နယ်မှတစ်ဆင့် ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ဗဟိုအဆင့်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြိုင်ပွဲတွင် ကဗျာလွတ်အက၊ ကာလပေါ်အဆို၊ ခေတ်ကြိုက်တေး၊ ပတ္တလား၊ ဆိုင်းနှင့် စန္ဒရား ပြိုင်ပွဲများပါဝင်ပြီး ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်၊ ကနီ၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်တို့မှ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ၊ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

ဝဝဝ





ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောင်မိုးဇိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်ဝင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြစမ္မာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဇေမသကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ



# အထွေထွေရွေးကောက်ပွဲ၌ ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့အကြီးအကဲ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒားဂရက်ဖ်လမ်းဘ်စဒေါ့ဖ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာလည်း တက်ရောက်သည်။

တွေ့ဆုံစဉ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရန် ဆောင်ရွက်ထား

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်သမ္မတ၏ လက်ထောက်နှင့် မဟာဗျူဟာဆက်ဆံရေးနှင့် မိန့်ခွန်းရေးသားရေးဌာနမှ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး Mr. Benjamin Rhodes နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲစာရင်းပြုစုသည့်စနစ်၊ ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စောင့်ကြည့်လေ့လာနိုင်သည့်အခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်မှု၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ၂၀၁၃ ခုနှစ်မှစ၍ Strategic Plan ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် နံနက် ၁၁ နာရီတွင် EU EOM ၏ Chief



Observer ဥရောပလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Alexander Graf Lambsdorff နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရန် ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ပေးမည့်အခြေအနေ၊ မဲဆွယ်စည်းရုံးမှုကာလအတွင်း နိုင်ငံရေးပါတီများမှ ဖြစ်ပွားသည့် ပြဿနာများ တင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်မှုအခြေအနေနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် မဲဆန္ဒရှင်စာရင်းတိုးတက်နိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရန်အတွက် မဲရုံများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၈ ရက်၌ စုစုပေါင်း (၁၈)ရုံးတွင် ၅၅၉၂ ဦး ကြိုတင်ဆန္ဒမဲ ပေးခဲ့ကြသည်။

အောက်တိုဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကြိုတင်ဆန္ဒမဲပေးသူ ၁၇၄၉၈ ဦး ရှိပြီဖြစ်ကြောင်းနှင့် ကြိုတင်ဆန္ဒမဲ လာရောက်ပေးကြသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ အနေဖြင့် လိုအပ်သည်များ စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| မော်ဘီ | သုည | ဒသမ | ၅၉ | လက်မ |
| ပေါက် | သုည | ဒသမ | ၄၇ | လက်မ |
| မဒေါက် | သုည | ဒသမ | ၃၉ | လက်မ |
| သိမ်ဇရပ် | သုည | ဒသမ | ၃၅ | လက်မ |
| လပွတ္တာ | သုည | ဒသမ | ၂၈ | လက်မ |

# သတင်းစာ၊ ဂျာနယ်များတွင် အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းဖော်ပြခြင်း မပြုရန် မေတ္တာရပ်ခံခြင်း

နိုင်ငံအတွင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည့် သတင်းစာ၊ ဂျာနယ်များတွင် ယခင်က အရက်၊ ဘီယာကြော်ငြာများထည့်သွင်းခြင်းကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသော်လည်း ယနေ့အချိန်တွင် သတင်းစာ၊ ဂျာနယ်အချို့၌ အရက်၊ ဘီယာကြော်ငြာများကို ကျယ်ကျယ်ပြန့်ပြန့် ထင်ရှားစွာ ထည့်သွင်းဖော်ပြလာကြပါသည်။

အဆိုပါ အရက်၊ ဘီယာကြော်ငြာများသည် လူငယ်များကို အရက်သေစာသောက်စားစေရန် တိုက်တွန်းလှုံ့ဆော်ရာရောက်ပြီး အကျင့်စာရိတ္တပျက်ပြားစေနိုင်သောကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူးက အရက်၊ ဘီယာကြော်ငြာများထည့်သွင်းဖော်ပြခဲ့သော Tomorrow သတင်းဂျာနယ်၊ ပြည်မြန်မာဂျာနယ်၊ လူထုပုံရိပ်ဂျာနယ်၊ Popular News Journal၊ Myanmar Post Journal၊ Myanmar Post Global Journal၊ ဧရာဝတီ (The Irrawaddy) ဂျာနယ်၊ News Watch Journal၊ First Weekly News Journal၊ The First Music News Journal၊ ပန်းသတင်းဂျာနယ်၊ အလင်းတန်းဂျာနယ်၊ Shape Journal၊ Sunday Journal၊ Oasis Journal၊ Auto World နည်းပညာ ဂျာနယ်၊ Sport Times အားကစားဂျာနယ်၊ Premier Eleven အားကစားဂျာနယ်၊ World Football အားကစားဂျာနယ်၊ 90:00 Minutes အားကစားဂျာနယ်၊ အင်အား အားကစားဂျာနယ်၊ Health Care ကျန်းမာရေးဂျာနယ်နှင့် Myanmar Times Daily သတင်းစာတို့၏ ထုတ်ဝေသူ၊ တာဝန်ခံအယ်ဒီတာတို့ကို ရန်ကုန်မြို့၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် ယနေ့ နံနက် (၉း၀၀) နာရီအချိန်ခေါ်ယူတွေ့ဆုံ၍ သတင်းစာ၊ ဂျာနယ်များတွင် အရက်၊ ဘီယာကြော်ငြာများထည့်သွင်းဖော်ပြခြင်း မပြုရန် အမျိုးသားရေးအမြင်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အဝေးသင်တက္ကသိုလ်များ၏ တတိယအသုတ် အနီးကပ်သင်တန်းပို့ချမည့်ရက်နှင့် စာမေးပွဲကျင်းပမည့်ရက်များ ပြင်ဆင်သတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၁၉**

အဝေးသင်တတိယအသုတ် ကျောင်းသား ကျောင်းသူများ၏ အနီးကပ်သင်တန်းပို့ချမည့်ရက်များကို ယခင်က နိုဝင်ဘာ ၉ ရက်နေ့ဟု ကြေညာထားသော်လည်း နိုဝင်ဘာ ၁၀ ရက်နေ့သည် အများပြည်သူအလုပ်ပိတ်ရက် ဒီပါဝလီနေ့ ဖြစ်သောကြောင့် နိုဝင်ဘာလ ၁၁ ရက်နေ့မှ စတင်တက်ရောက်ကြရန်နှင့် စာမေးပွဲကျင်းပမည့်ရက်ကို နိုဝင်ဘာ ၂၁ ရက်မှ ၃၀ ရက်အစား နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁ ရက်သို့ ပြင်ဆင်သတ်မှတ်ပေးလိုက်ကြောင်း သိရသည်။

ပထမနှစ်မှ စတုတ္ထနှစ်ထိ အဝေးသင်တတိယအသုတ် သင်တန်း အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌ လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌ လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**(ကြေးမုံ)**

# ဗြိတိန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် အကျိုးတူပူးပေါင်းရန် မိတ်ဖက်နိုင်ငံတစ်ခုဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင် ပြောကြား

**ပေကျင်း အောက်တိုဘာ ၁၉**

ဗြိတိန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အသင့်တော်ဆုံးသော အနောက်နိုင်ငံဖြစ်သည်ဟု ဗြိတိန်နိုင်ငံက ကတိပြုဖူးကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ဗြိတိန်နိုင်ငံသို့မထွက်ခွာမီ ငါးရက်အလိုက ရိုက်တာသတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်မည်ဆိုပါက ယင်းနိုင်ငံအတွက် ရေရှည်အကျိုးဖြစ်ထွန်းနိုင်ကြောင်း သမ္မတရှီကျင့်ဖျင်က ဆိုသည်။ နှစ်နိုင်ငံအနေဖြင့် ကမ္ဘာ့စုံမဟာဗျူဟာကျမိတ်ဖက်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ရကြောင်း သမ္မတရှီက ဆက်လက်ပြောကြားသည်။

တရုတ်ကုမ္ပဏီများက ဗြိတိန်နိုင်ငံ အနောက်တောင်ဘက်တွင် နျူကလီးယားစက်ရုံတစ်ရုံတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သမ္မတရှီကပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် စတော့စျေးကွက်နှင့် ငွေကြေးလဲလှယ်မှုတို့ အပါအဝင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုလုပ်ဆောင်ရန် မျှော်လင့်ကြောင်း ၎င်းကဆက်လက်ပြောသည်။

တောင်တရုတ်ပင်လယ်တွင် ကျွန်းများဆောက်လုပ်ခြင်းအပါအဝင် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုနှင့်ပတ်သက်ပြီး အနောက်နိုင်ငံများ၏ စိုးရိမ်ပူပန်မှုများ ရှိနေခြင်းကို ၎င်းက ရည်ညွှန်းပြောဆိုခဲ့သည်။ တရုတ်နိုင်ငံက ပိုင်ဆိုင်သည်ဟု အခိုင်အမာပြောကြားခဲ့သည့် တောင်တရုတ်ပင်လယ်ဒေသတွင် ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ခြင်းသည် တရုတ်နိုင်ငံ၏ အခွင့်အရေးတစ်ခုသာဖြစ်သည်ဟု သမ္မတရှီက ဆိုသည်။

ဗြိတိန်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် တွေ့ဆုံမည်ဖြစ်သည်။ ယင်းနောက် ဗြိတိန်ပါလီမန်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ဘုရင်မကြီး အဲလိဇဘတ် ဧည့်ခံကျွေးမည့် ဂုဏ်ပြုစားပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။ **အင်န်အိတ်ကေ။**



# ယခုနှစ်အတွင်း ထိုင်းလေဆိပ်များသို့ ခရီးသည်အဝင်အထွက် ၁၀၆ သန်းကျော်ရှိ

**ဘန်ကောက် အောက်တိုဘာ ၁၉**

ထိုင်းနိုင်ငံရှိ လေဆိပ်များသို့ ခရီးသည် ဝင်ထွက်သွားလာအသုံးပြုမှုမှာ ၁၀၆ သန်းကျော်ရှိပြီး ယခုနှစ်တွင် ၂၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှု ရှိသည်ဟု သိရသည်။

ထိုင်းနိုင်ငံရှိအဓိကလေဆိပ်ကြီး ခြောက်ခုသို့ လွန်ခဲ့သည့်နှစ် အောက်တိုဘာလမှ ပြီးခဲ့သည့် စက်တင်ဘာလကုန်ထိ ထိုင်းနိုင်ငံသားများနှင့် ပြည်ပခရီးသည် ဝင်ထွက်မှုမှာ ၁၀၆ ဒသမ ၇ သန်း ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် အလားတူကာလကထက် ၂၀ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု ထိုင်းလေဆိပ်များဥက္ကဋ္ဌ နီတီနာ ဆာရီဆမာတာကန်က တနင်္လာနေ့တွင် ပြောကြားသည်။

ခရီးသည် ၆၁ သန်းမှာ နိုင်ငံတကာ လေကြောင်းလိုင်းများမှ ဝင်ထွက်သွားလာ အသုံးပြုခဲ့ကြပြီး ၄၅ သန်းမှာ ပြည်တွင်းလေကြောင်းလိုင်းများတွင် အသုံးပြုခဲ့ကြခြင်းဖြစ်သည်ဟု ထိုင်းလေဆိပ်များဥက္ကဋ္ဌက ပြောကြားသည်။ ဒွန်မောင်းလေဆိပ်မှာ ပြီးခဲ့သည့်နှစ်အတွင်း ခရီးသည် ၂၈ ဒသမ ၅ သန်းဖြင့် ခရီးသည် အဝင်အထွက် အများဆုံးလေဆိပ်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံရှိ အဓိကလေဆိပ်ခြောက်ခုမှာ မြောက်ပိုင်းရှိ ချင်းမိုင်လေဆိပ်နှင့် မဲဖာလောင်လေဆိပ်၊ ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဖူးခက်လေဆိပ်နှင့် ဟတ်ယိုင်လေဆိပ်၊ ဘန်ကောက်မြို့တော်ရှိ သုဝဏ္ဏဘူမိလေဆိပ်နှင့် ဒွန်မောင်းလေဆိပ်တို့ ဖြစ်ကြသည်။

**ဆင်ဟွာ။**

# ဆီးရီးယား အလယ်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ် စစ်သွေးကြွ ၄၀ ခန့် သေဆုံး



**ဒမတ်စကတ် အောက်တိုဘာ ၁၉**

ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟာမာပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွ ၄၀ ခန့် သေဆုံးသွားကြောင်း ဆီးရီးယားအရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဟာနာမြို့အရှေ့ပိုင်း ကျေးလက်ဒေသမှ မြောက်ပိုင်း အယ်လ်ရပ်ပြည်နယ်ဆီသို့ဦးတည်မောင်းနှင်နေသည့်ယာဉ် ၁၆ စီးပါ အိုင်အက်စ် အဖွဲ့၏ ယာဉ်တန်းကို အမျိုးအမည်မသိ စစ်လေယာဉ်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဟာနာမြို့မှာ အိုင်အက်စ်အဖွဲ့၏ မြို့တော်သဖွယ် ရပ်တည်နေသော မြို့ကြီးတစ်မြို့ဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုသည် အိုင်အက်စ်အဖွဲ့အတွက် အထိနာသော တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း ဗြိတိန်အခြေစိုက် အဆိုပါ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# တူရကီက ပစ်ချခဲ့သော မောင်းသူမဲ့လေယာဉ် ရုရှားလုပ်ဖြစ်သည်ဟု တူရကီဝန်ကြီးချုပ်ပြော

**အင်ကာရာ အောက်တိုဘာ ၁၉**

အောက်တိုဘာ ၁၆ ရက်က ဆီးရီးယားနယ်စပ်အနီး၌ တူရကီစစ်လေယာဉ်များက ပစ်ချခဲ့သော မောင်းသူမဲ့လေယာဉ်မှာ ရုရှားလုပ်ဖြစ်ကြောင်း၊ သို့ရာတွင် အဆိုပါ မောင်းသူမဲ့ လေယာဉ်မှာ ၎င်းတို့ပိုင်လေယာဉ်မဟုတ်ဟု ရုရှားအစိုးရက တူရကီအစိုးရအား ပြောကြားခဲ့ကြောင်း တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူက အေဟာဘာရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

မောင်းသူမဲ့ လေယာဉ်မှာ ဆီးရီးယား သမ္မတ ဘာရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့ သို့မဟုတ် ကာ့ဒ်ပီဝိုင်ဒီ ပြည်သူ့စစ်အဖွဲ့သို့မဟုတ် အခြားလက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ဖွဲ့က ပိုင်ဆိုင်နိုင်သည်ဟု ယူဆရကြောင်း တူရကီဝန်ကြီးချုပ်က အေဟာဘာရုပ်မြင်သံကြားဌာနနှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်အား ပစ်ချခဲ့မှုသည် ဟန့်တားသည့် သဘောသက်ရောက်ကြောင်း၊ တူရကီလေကြောင်းပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်မှုနှင့် ပတ်သက်၍ ရုရှားနိုင်ငံအနေဖြင့် ပိုမိုသတိရှိသင့်ကြောင်း ၎င်းကပြောကြားသည်။ **ရိုက်တာ။**

# ကွဲကွာနေသည့် မိသားစုများ ပြန်လည်တွေ့ဆုံရန် စုရုံး

**ဆိုးလ် အောက်တိုဘာ ၁၉**

ကွဲကွာနေသည့်မြောက်ကိုရီးယားနိုင်ငံမှ မိသားစုများ၊ ဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံရန်အတွက် တောင်ကိုရီးယားလူမျိုး ရာပေါင်းများစွာသည် တောင်ကိုရီးယားအရှေ့ဘက်ကမ်းရိုးတန်းမြို့ ဆိုချိုတွင်အောက်တိုဘာ ၁၉ရက်က စုရုံးခဲ့ကြကြောင်း သိရသည်။

ဩဂုတ်လနှောင်းပိုင်းက တောင်ကိုရီးယားသမ္မတပါခ့်ဂွန်ဟေးနှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့၏ထိပ်တန်းစစ်ဘက်အကြံပေးများအနေဖြင့် ၁၉၅၀-၅၃ စစ်ပွဲကြောင့် ကွဲကွာခဲ့ရသည့် မိသားစုများ ပြန်လည်တွေ့ဆုံရေးကို သဘောတူညီခဲ့ပြီး နှစ်နိုင်ငံအကြားတင်းမာမှုများကိုလည်းလျှော့ချနိုင်ခဲ့သည်။ တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ အသက် ၈၀-၉၀ အရွယ်ရှိတောင်ကိုရီးယားလူမျိုး ၃၉၃ ဦးသည် ဆိုချိုမြို့ရှိ ဟိုတယ်တစ်ခုတွင် မြောက်ကိုရီးယား အရှေ့တောင်ပိုင်းရှိကန်ဂန်တောင်ဟိုတယ်တွင် ပထမအကြိမ် နှစ်ဖက်မိသားစုများ သုံးရက်ကြာ တွေ့ဆုံပွဲမတိုင်မီ စုရုံးခဲ့ကြသည်။

၎င်းတို့အားအကူအညီပေးရန် တာဝန်ရှိသူ ၁၀၀ လိုက်ပါလာခဲ့ပြီး သတင်းထောက် ၃၉ ဦးလည်း သီးခြားလိုက်ပါလာခဲ့သည်။ ယခုအကြိမ်တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်သည်။ အဆိုပါတောင်ကိုရီးယားလူမျိုးများသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် နယ်စပ်မှ မြောက်ကိုရီးယားရှိ ကန်ဂန်တောင်ဟိုတယ်သို့ ဘတ်စ်ကားဖြင့်ထွက်ခွာကာ နေ့လယ်ပိုင်းတွင် မြောက်ကိုရီးယားရှိ ကွဲကွာခဲ့ရသည့်မိသားစုများနှင့် နှစ်နာရီကြာတွေ့ဆုံမည်ဖြစ်သည်။ **ဆင်ဟွာ။**

# ရီယိုအိုလံပစ် အားကစားပြိုင်ပွဲ ရေထုသန့်စင်ရေး ဩစတြေးလျ ရွက်လှေအဖွဲ့ အကြီးအကဲ တိုက်တွန်း

**မဲလ်ဘုန်း အောက်တိုဘာ ၁၉**

ဘရာဇီးနိုင်ငံ၌ လာမည့်နှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုကာလတွင် ရေထုညစ်ညမ်းမှုပြဿနာကို ထိရောက်စွာကိုင်တွယ်ဆောင်ရွက်ရန် ဩစတြေးလျနိုင်ငံရှိ အိုလံပစ်ပြိုင်ပွဲဝင် ရွက်လှေအဖွဲ့၏ အကြီးအကဲက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ရီယို အိုလံပစ် အားကစားပွဲတော်၏ ရွက်လှေပြိုင်ပွဲနှင့် ရေနှင့်သက်ဆိုင်သည့် အားကစားပြိုင်ပွဲများ ကျင်းပမည့် ဂွါနာဘာရာ ပင်လယ်အော်သည် ရေထုညစ်ညမ်းလျက်ရှိပြီး ယင်းပင်လယ်အော်၏ ရေထုအရည်အသွေးနှင့် ပတ်သက်၍ ဝေဖန်မှုများ ဆက်တိုက်ပေါ်ထွက်ခဲ့သည်။

ဂွါနာဘာရာ ပင်လယ်အော်၏ ရေထုအရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် ဘရာဇီးအစိုးရအဖွဲ့က အလေးပေးဆောင်ရွက်ရန် ဩစတြေးလျ အိုလံပစ်ပြိုင်ပွဲဝင် ရွက်လှေအဖွဲ့၏ အကြီးအကဲ ကွန်ဒေးက ဩစတြေးလျ သတင်းကော်ပိုရေးရှင်း သတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ဩဂုတ်လက ရီယိုမြို့၌ လေ့ကျင့်ရေးစခန်း ဝင်နေကြသော တောင်ကိုရီးယားနှင့် ဂျာမနီနိုင်ငံတို့မှ ရွက်လှေအားကစားသမား နှစ်ဦးသည် ကူးစက်ရောဂါ ခံစားခဲ့ကြရကြောင်း၊ ယင်းမှာ ဂွါနာဘာရာ ပင်လယ်အော် ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ရသည်ဟု ၎င်းတို့က ပြစ်တင် ပြောကြားခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

အိုလံပစ်ရွက်လှေပြိုင်ပွဲ ကျင်းပမည့် နေရာ၌ ရေထုညစ်ညမ်းမှု ဆိုးရွားနေကြောင်း၊ လူ့မိလ္လာ အညစ်အကြေးများ စွန့်ပစ်မှုကြောင့် ရေထုအတွင်း ဗက်တီးရီးယားပိုးများနှင့် ဗိုင်းရပ်စ်ပိုးများ ပါဝင်နေပြီး ပြိုင်ပွဲဝင် အားကစားသမားများကို နာမကျန်းဖြစ်စေနိုင်ကြောင်း ပြီးခဲ့သည့် ဇူလိုင်လက အေပီသတင်းဌာန၏ အစီအစဉ်တစ်ရပ်အရ ပြုလုပ်သော လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

**ရိုက်တာ။**

□□

ပြည်တွင်းရေးရာ

# ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် လမ်း၊တံတားများဖွံ့ဖြိုးတိုးတက်ရေး ပြန်လည်ပြုပြင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပခုက္ကူ -ပေါက်- ကျောက်ထု- မင်းတပ်လမ်း၊ပခုက္ကူ-ပေါက်လမ်းအပိုင်း၌ ပခုက္ကူခရိုင်မှ ရေကျော်များ တည်ဆောက်ထားရှိမှု၊ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းဘေးကျောက်စီရေမြောင်းများ ဆောင်ရွက်နေမှုတို့ကိုလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် မင်းတပ်-မတူပီလမ်း ၁၀၂ မိုင်တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်းအပိုင်းအား ခရိုင်အဖွဲ့၊ အထူးအဖွဲ့များနှင့် ကုမ္ပဏီအဖွဲ့တို့မှ စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် တာဝန်ရှိသူများက အမြဲမပြတ်စောင့်ကြပ်ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် မင်းတပ် -မတူပီလမ်း မိုင်တိုင်အမှတ် (၃၆/၀ မှ ၆၇/၀) အတွင်း လမ်းသားပဲ့ကျ၊ ပြတ်ကျသော နေရာများအား စက်ယန္တရားများဖြင့် လမ်းတာချဲ့ခြင်း၊ မြေကာနံရံ၊ မြေထိန်းနံရံ ပြုလုပ်ခြင်း၊ သံကူကွန်ကရစ်တံတားငယ်များ၊ ရေပြွန်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၉၂/၃ နှင့် ၉၂/၄) အရှည်ပေ၈၀ ချမ်းပြန်ဘေလီတံတားသည် ကြံ့ခိုင်မှုအားနည်းသည့်အတွက် ကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် မတူပီ -ဟားခါးလမ်း ၁၇၃ မိုင်အား သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် လမ်းအပိုင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ခရိုင်အဖွဲ့၊ အထူးအဖွဲ့နှင့် ကုမ္ပဏီတို့ဖြင့် အပိုင်းလိုက်ခွဲဝေပြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မတူပီ-ရေဇွာ -ဟားခါးလမ်းအပိုင်း မိုင်တိုင် (၁၂၅/၀မှ ၁၆၈/၀) အတွင်း တောင်ပြိုလမ်းပိတ်ဆို့သည့်နေရာများတွင် စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းမှု ၊ လမ်းသားပဲ့ကျ၊ ပြုတ်ကျသော နေရာများတွင် လမ်းအူကြောင်းသစ် ဖောက်လုပ်ပြီး မော်တော်ယာဉ်များ သွားလာနိုင်အောင် ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၅၆/၆)တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် တံတားနေရာတွင် အရှည်ပေ ၁၀၀ ဘေလီတံတားတည်ဆောက်မည့်အခြေအနေတို့ကို လည်းကောင်း ၊ မိုင်တိုင်အမှတ် (၄၂/၂မှ ၅၀/၂) ကြားတွင် ရေပြွန်များ၊ ကျောက်စီမြေကာနံရံများ တည်ဆောက်ထားရှိမှုနှင့် လမ်းသားပဲ့ကျသည့်နေရာတွင် လမ်းကြောင်းသစ်ဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**☆ လွတ်လပ်၍တရားမျှတသောမှ**

ယင်းသို့တွေ့ဆုံရာတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်းသည့် တပ်မတော်၏ အခန်းကဏ္ဍဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မစ္စတာ အလက်ဇန္ဒားဂရက်ဖ်လမ်းဘ်စဒေါ့ဖ်နှင့် ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာ တို့ တက်ရောက်ကြသည်။

**(မြဝတီ)**



# ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုသည် ရန်ကုန်မြို့ ဥရောပသမဂ္ဂ အဖွဲ့ရုံးသံအမတ်ကြီး H.E. Mr. Roland Kobia ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနရှိပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**❒ ကျောဖုံးမှ**

အခြေပြုနေကြောင်း စိစစ်တွေ့ရှိရသဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို မထိခိုက်စေရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး မူဘောင်ဆွေးနွေးမှုများ မထိခိုက်စေရေး သတ်မှတ်နယ်မြေသို့ ပြန်လည်ဆုတ်ခွာရန် တပ်မတော်က အကြိမ်ကြိမ်သတိပေးခဲ့သော်လည်း ဝမ်ဟိုင်းဌာနချုပ် မူလနယ်မြေသို့ ဆုတ်ခွာခြင်းမရှိသည့်အပြင် တပ်မတော်စစ်ကြောင်းများသို့ ပစ်ခတ်လာသဖြင့် တပ်မတော်စစ်ကြောင်းများက ရှင်းလင်းတိုက်ခိုက်ခဲ့ရာ အောက်တိုဘာ ၆ ရက်မှ ယနေ့အထိ ထိတွေ့တိုက်ခိုက်မှု (၃၇)ကြိမ် ဖြစ်ပွားခဲ့ပြီး အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် ၎င်းတို့ အခိုင်အမာ အခြေပြုထားသော ပွိုင့်-၈၅၈၊ ပွိုင့်-၁၂၈၆ နှင့် ပွိုင့်-၁၃၀၉ လွယ်ခူတောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ထိတွေ့တိုက်ခိုက်မှုများဖြစ်ပွားနေစဉ် အောက်တိုဘာ ၁၆ ရက်နှင့် ၁၈ ရက်များက လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့လည်း အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့များက လက်နက်ကြီး/လက်နက်ငယ်များဖြင့် နှစ်ကြိမ်တိုင်တိုင် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ရင်းဌာနချုပ်မှ စစ်သည်များနှင့် အိမ်ထောင်သည်ရဲမေများက ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ၎င်းအဖွဲ့များ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့မှ အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၈ လက်နှင့် ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ အရာရှိ/စစ်သည်တချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး အချို့မှာထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို နှောင့်ယှက်ထိပါးမှုမှ ကာကွယ်နိုင်ရေးတို့အတွက် တပ်မတော်မှ ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

## မော်ချီးဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၁၉**

ကယားပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ထပ်မံရောက်ရှိလာသော ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စုအား အဖွဲ့နှစ်ဖွဲ့ခွဲလျက် အောက်တိုဘာ ၁၅ ရက်တွင် ရှာဖွေကယ်ဆယ်ရေး အဖွဲ့(၁)သည် ကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ပစ္စည်းသယ်ယူပေး၍ အဖွဲ့(၂)သည် ကွန်ကရစ်ခေတ်တိုင်ဖြင့် ယာယီတည်ဆောက်ထားသော တံတားအားဖယ်ရှားလျက် ဘေလီတံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများအား ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အောက်တိုဘာ ၁၆ ရက်တွင် ကယ်ဆယ်ရေးအဖွဲ့(၁)သည် လိုခါးလိုကျေးရွာသွားသည့်လမ်းမှ တံတား ချဉ်းကပ်လမ်းအထိ မြေပြိုမှုအား သစ်ငုတ်များရိုက်လျက် ကျောက်၊ သဲများဖြည့်တင်း၍ မြေထိန်းနံရံပြုလုပ်ခြင်း၊ အဖွဲ့(၂)သည် ထောက်ပံ့ပေးအပ်မည့်ပစ္စည်းများအား မော်တော်ယာဉ်များပေါ်သို့ ပို့ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး အောက်တိုဘာ ၁၇ ရက်တွင် ကယ်ဆယ်ရေးစခန်းများ၌ စားသောက်နေထိုင်ရေး၊ မြေနေရာအသစ်ရှာဖွေရေးနှင့် လာရောက်လှူဒါန်းသောပစ္စည်းများအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**(ခရိုင်ပြန်/ဆက်)**



# ခရီးဆက်ပါ သမ္မတကြီးခင်ဗျား

ကြယ်စင်သာ

*(The Global New Light of Myanmar သတင်းစာတွင် အောက်တိုဘာလ ၁၈ ရက်က ဖော်ပြခဲ့သော ဆောင်းပါးရှင် ဦးသန်းဌေး၏ KEEP IT UP, Mr. PRESIDENT! ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်)*


KEEP IT UP, MR. PRESIDENT!

(Opinions expressed here are those of the author.)

U Than Htay

Despite the clamorous condemnations and derogatory denunciations heaped on certain misconducts of your Govern- ... saying, "to err is human". As such, we should refrain from overly criticising anyone. It would be like "the pot calling the pan black" for we all are sinners according to the Christian Faith, meaning no one is ... aptly dubbed the execrable habits of Myanmars) it would not work, even with the dramatic changes in political scenarios. CHANGE of these evil habits of mind or even better, the eradication of these mental impurities is a must, first and foremost. But no one seems to be aware of it. Our polit- ... western countries are shamelessly kowtowing to the whims and wishes of the oil-rich muslim nations. It is immoral! Personally I feel that OIC's main concern should be the unity, harmony, love, peace and welfare among the global muslim communities. Her inability to negotiate and bring peace and harmony between Sunni's and Shiites and many other smaller sects in the Middle East is ... the regional development and modernization. That is why we all want it terminated once and for all. In fact, this potentially pernicious Project should be summarily scrapped off for the good of our country.

As an ill consequence of unseasonal sustained heavy rains, a very recent devastating deluge ravaged the vast stretches of the Rakhine State, Chin State, Upper Myanmar ...

သမ္မတကြီးဦးဆောင်သည့် အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်အချို့အပေါ် ပြစ်တင်ဝေဖန်မှုများရှိနေလင့်ကစား ကျွန်တော်တို့ အငြိမ်းစားအများစုအနေဖြင့်မူ သမ္မတကြီး၏ ရိုးသားမှု၊ စေတနာသဒ္ဓါတရားနှင့် သတ္တိတို့ကို လေးစားချီးကျူးမိပါသည်။ သမ္မတကြီး၏ ထူးခြားသောလုပ်ဆောင်ချက်သုံးခုဖြစ်သည့် မြစ်ဆုံစီမံကိန်းရပ်ဆိုင်းလိုက်ခြင်း၊ ကျွန်တော်တို့၏ မပြောပလောက်သော အငြိမ်းစားလစာများကို သဒ္ဓါတရားထက်သန်စွာ တိုးမြှင့်ပေးခြင်းနှင့် ကုလသမဂ္ဂ၊ ဗြိတိန်၊ အမေရိကန်၊အိုအိုင်စီအဖွဲ့နှင့် မူဆလင်နိုင်ငံအချို့၏ မတရားဖိအားပေးမှုကို ကြံ့ကြံ့ခံရင်ဆိုင်ကာ **ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ဘင်္ဂါလီများ မြန်မာနိုင်ငံအတွင်း စိမ့်ဝင်လာသည့် ပြဿနာအပေါ် ရဲဝံ့ပြတ်သားစွာတုံ့ပြန်ခဲ့ခြင်းတို့ကြောင့် သမ္မတကြီးသည် ကျွန်တော်တို့၏ သူရဲကောင်းအဖြစ်ရှိနေဆဲပင်ဖြစ်ပါသည်။**

မြို့ပြနှင့်ကျေးလက်ဒေသများရှိ ပြည်သူများအတွက် မိုဘိုင်းတယ်လီဖုန်းများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာနိုင်ခဲ့ခြင်းသည်လည်း သမ္မတကြီး၏ နောက်ထပ်ထင်ရှားသည့် အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ နွမ်းပါးသော ကောက်စိုက်သူ၊ ပဲပြုတ်သည်၊ ဆိုက်ကားနင်းသူနှင့် အငှားယာဉ်မောင်းမှသည် ခေတ်သစ်သူကြွယ်တို့၏ သားသမီးများ၊ ချမ်းသာကြွယ်ဝသူများအထိ ပါဝင်သော ဟန်းဖုန်းအသုံးပြုသူများအားလုံးက သမ္မတကြီးကို ကျေးဇူးတင် မတင်ကိုတော့ ကျွန်တော်မသိပါ။ သို့သော် ဈေးနှုန်းကြီးမားသည့် မိုဘိုင်းတယ်လီဖုန်းများကို သာမန်ပြည်သူများသုံးစွဲနိုင်သည့်အဆင့်အထိရောက်အောင် သမ္မတကြီးခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်ကိုတော့ ကျွန်တော်တို့အားလုံးသိရှိကြပါသည်။

ယဉ်ကျေးသိမ်မွေ့သည့် မြန်မာလူမျိုးများဖြစ်သည့် အားလျော်စွာ ကျွန်တော်တို့သည် တစ်ဦးတစ်ယောက်၏ မေတ္တာနှင့် စေတနာကို ကျေးဇူးတရားဖြင့် အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ကျေးဇူးကန်းသူများသာ ဖြစ်ပေတော့မည်။ ထို့အပြင် အချို့သောသူများကဲ့သို့ ကျေးဇူးရှင်ကို မတော်တရော်စွပ်စွဲပုတ်ခတ်နေပါက စွပ်စွဲပုတ်ခတ်သူသာ ထိခိုက်နစ်နာမည်ဖြစ်သည်။

မည်သူမှ ခြောက်ပြစ်ကင်း သဲလဲစင်မဖြစ်နိုင်ပါ။ လူသားတိုင်း အမှားမကင်းပါ ဟူသော ဆောင်ပုဒ်အရ လူတိုင်းသည် မှားတတ်စမြဲဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် တစ်စုံတစ်ဦးကို အလွန်အကျွံပြစ်တင်ဝေဖန်ခြင်းမှ ရှောင်ရှားသင့်ပါသည်။ သူများကို ပြစ်တင်ဝေဖန်သည်မှာ လွယ်ကူပါသည်။ ကိုယ့်အပြစ်ကို ကိုယ်မမြင်သောသူများထဲတွင် ကျွန်တော်ကိုယ်တိုင်လည်းပါဝင်ပါသည်။ ကျွန်တော်တို့ လုပ်ရမည်မှာ မိမိကိုယ်မိမိဝေဖန်ရေးပင်ဖြစ်သည်။ "ကိုယ်နှင့်နှိုင်း၊ မရိုင်း"ဟူသည်ကို နှလုံးသွင်းတတ်ပါက တစ်ဦးနှင့်တစ်ဦးအကြား သဘောထားကွဲလွဲမှု လျော့နည်းပြီး လူ့ဘောင်အဖွဲ့အစည်းအတွင်း ဂိုဏ်းဂဏကွဲမှုများ ပပျောက်သွားမည်ဖြစ်သည်။ နောက်ဆုံးတွင် နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

> **ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဘင်္ဂါလီများ မြန်မာနိုင်ငံအတွင်း စိမ့်ဝင်လာသည့် ပြဿနာအပေါ် ပြတ်သားစွာတုံ့ပြန်ခဲ့ခြင်းတို့ကြောင့် သမ္မတကြီးသည် ကျွန်တော်တို့၏ သူရဲကောင်းအဖြစ် ရှိနေဆဲပင် ဖြစ်ပါသည်။**

ကျွန်ုပ်အသက် (၈၃) နှစ်ရှိပါပြီ။ ထပ်ပြီးအသက်ရှည်ပါက ပေါ်ပေါက်လာမည့် အစိုးရ၊ တရားရေးနှင့် လွှတ်တော်တို့က ကျွန်တော်တို့ နိုင်ငံသားများအတွက် ဘာတွေလုပ်ပေးနိုင်သည်ကို စောင့်ကြည့်ချင်ပါသေးသည်။ နောင်ပေါ်ပေါက်လာမည့် မဏ္ဍိုင်ကြီးများက အခုရှိနေသည့် မဏ္ဍိုင်ကြီးများထက် ပိုပြီးစွမ်းဆောင်နိုင်မလားဆိုသည်ကို ပြောဖို့စောလွန်းပါသည်။

ယခုအခါ အပြောင်းအလဲကို တောင်းဆိုနေကြသည်။ ဘာကိုပြောင်းလဲချင်တာပါလဲ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရှိ ပုဒ်မအချို့ကို ပြောင်းလဲလိုက်ရုံဖြင့် အလုပ်မဖြစ်ပါ။ ပထမဦးဆုံးပြောင်းလဲရမည်မှာ ကျွန်တော်တို့၏ စိတ်နေစိတ်ထားများဖြစ်သည်။ ဤနေရာတွင် ကျွန်တော့်အနေဖြင့် ပုံစံကျအတွေးအခေါ် (Mindset) ဆိုသည့်စကားကို မသုံးလိုပါ။ တကယ်တော့ စိတ်သည် အစဉ်အမြဲပြောင်းလဲဖြစ်ပျက်နေသည့် သဘောရှိသည်။ ဝိပဿနာကို လေ့လာကျင့်သုံးဖူးသူများသာ ထိုသဘောတရားကို နားလည်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် တစ်ကိုယ်ကောင်းဆန်မှု၊ စည်းကမ်းမဲ့မှု၊ ထကြွသောင်းကျန်းလိုမှု၊ အခွင့်အရေးသာရယူလိုမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ စိတ်မရှည်မှု၊ ရန်လိုမှု၊ မနာလိုမှုစသော ကျွန်ုပ်တို့၏ စိတ်နေစိတ်ထားများ (ကျွန်ုပ်တို့ ချစ်ခင်လေးစားရသော ဗိုလ်ချုပ်အောင်ဆန်း တစ်တစ်ခွခွ ခိုင်းနှိုင်းပြောဆိုခဲ့သော မြန်မာတို့၏ မကောင်းသော အကျင့်စရိုက်များ)ကို မပြောင်းလဲနိုင်သရွေ့ နိုင်ငံရေးအခင်းအကျင်းများ မည်မျှပြောင်းလဲစေကာမူ တိုးတက်မှုရှိလာမည် မဟုတ်ပါ။ ထိုမကောင်းသောစိတ်နေစိတ်ထားများ ပြောင်းလဲနိုင်ရေးကို မရှိမဖြစ် ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်သော်လည်း ထိုအချက်ကို မည်သူတစ်ဦး တစ်ယောက်ကမျှ သတိထားမိပုံမရပေ။ တကယ်တော့ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲအနိုင်ရရေးအတွက် ပါတီကြွေးကြော်သံများကို သူ့ထက်ငါ အပြိုင်အဆိုင်ထုတ်ဖော်နေသလို လူငယ်ရောလူကြီးပါ စိတ်ဓာတ်ပိုင်းပြောင်းလဲမှုနှင့် စာရိတ္တပိုင်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးထားလုပ်ဆောင် သင့်ပါသည်။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီပြဿနာသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်သာ သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး နှစ်ဖက်နိုင်ငံကြားတွင်သာ ဆွေးနွေးဖြေရှင်းရမည်ဖြစ်သည်။ နှစ်နိုင်ငံစလုံးအနေဖြင့် မေတ္တာရပ်ခံလာပါက ကုလသမဂ္ဂသည် ဘက်မလိုက်ဘဲ ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ရပေမည်။ ယခုတော့ ထိုကဲ့သို့မဟုတ်။ မြန်မာနိုင်ငံအပေါ်တွင်သာ အပြစ်အားလုံးပုံချနေသည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံး အံ့သြမိသလိုဒေါသလည်းထွက်ကြပါသည်။ လှေစီးခရီးသွားများနှင့် ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်ကိုရော ဘာကြောင့် အပြစ်မတင်ကြတာလဲ။ ယင်းလှေစီးခရီးသွားများသည် ဒုက္ခသည်များမဟုတ်ဘဲ ရေကြည်ရာ မြက်နုရာများကို ရှာဖွေရန် မြန်မာနိုင်ငံနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများသို့ ထွက်ပြေးခိုလှုံမည့်သူများသာ ဖြစ်ပါသည်။ ၎င်းတို့အစိုးရက ၎င်းတို့ကို ကောင်းမွန်စွာမကြည့်ရှု မစောင့်ရှောက်နိုင်သည့်အတွက် သူတို့နိုင်ငံကနေ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လှေစီးဒုက္ခသည်များနှင့်ပတ်သက်လျှင် ဘင်္ဂလားဒေ့ရှ်အစိုးရမှာလည်း တာဝန်ရှိသည်ဟု ကျွန်တော်တို့မြင်ပါသည်။

မြန်မာနိုင်ငံရှိ မူဆလင်လူနည်းစုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များမှာ ရယ်ဖို့လည်းကောင်းသည်။ ကုလသမဂ္ဂနှင့် အစ္စလာမ့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ လူ့အခွင့်အရေး ဆရာကြီးများ တရုတ်နှင့် ဂျပန်နိုင်ငံကို ဘာကြောင့် ဒီလိုမျိုးပြစ်တင်ဝေဖန်မှုတွေ မလုပ်တာလဲလို့ တွေးကြည့်မိသည်။ အဲဒီနှစ်နိုင်ငံက စီးပွားရေးနဲ့ နိုင်ငံရေးအင်အားကြီးနိုင်ငံတွေဖြစ်နေလို့လား။ ဒါမှမဟုတ် LDC နိုင်ငံဖြစ်သည့် မြန်မာကိုမြေနိမ့်ရာလှံစိုက်တာလား။

ကုလသမဂ္ဂနှင့် ရေနံကိုမှီခိုနေသော အနောက်နိုင်ငံများအနေဖြင့် ရေနံကြွယ်ဝသည့် မူဆလင်နိုင်ငံများ၏ အကြိုက်ကို လိုက်ပေးနေရသည်ဟု ယုံကြည်သူအများအပြားရှိသည်။ ထိုကဲ့သို့ လုပ်ဆောင်သည်ဆိုလျှင် အကျင့်ပျက်ခြစားမှုတစ်ခုပင်ဖြစ်သည်။ ကျွန်တော့်အမြင်ကို ပြောရလျှင် အစ္စလာမ့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ အဓိကတာဝန်မှာ ကမ္ဘာပေါ်ရှိ မူဆလင်များအကြား စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို တည်ဆောက်ပေးဖို့ဖြစ်သည်။ ဒါပေမယ့် အစ္စလာမ့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အနေဖြင့် အရှေ့အလယ်ပိုင်းရှိ ဆွန်နီနှင့် ရှီးယိုက် မူဆလင်များအကြားမှာပင် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေး ရရှိအောင် ဖော်ဆောင်နိုင်မှုမရှိခြင်းမှာ ရှက်စရာကောင်းသည့် ဆုံးရှုံးမှုကြီးဖြစ်သည်။ ကျွန်တော်ပြောတာဒဲ့ဒိုးကျလွန်းပြီး ရိုင်းသလိုဖြစ်သွားရင်တော့ ခွင့်လွှတ်စေချင်ပါသည်။ သို့သော် အဲဒါတွေက အမှန်တရားပင်ဖြစ်သည်။

အငြိမ်းစားအများစု၊ အထူးသဖြင့် အောက်ခြေဝန်ထမ်း အငြိမ်းစားများမှာ နွမ်းပါးသူများဖြစ်သည်။ ကျွန်တော်သည် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးအဖြစ် ပင်စင်ယူခဲ့သူဖြစ်ပြီး ဆယ်စုနှစ် နှစ်ခုကျော်သည်အထိ ကျွန်ုပ်၏ပင်စင် လစာမှာ ကျပ်၁၂၅၀ သာဖြစ်၍ တစ်ရက်စာ ရပ်တည်ရေးပင် မလုံလောက်ခဲ့ပေ။ ကျွန်တော်တောင် အဲဒီလိုဖြစ်နေလျှင် အောက်ခြေအစိုးရဝန်ထမ်းများ၏အဖြစ်ကို စဉ်းစားကြည့်ပါက ရင်နင့်ဖွယ်ပင်ဖြစ်သည်။ ယခုတော့ ကျွန်တော်၏ ပင်စင်လစာမှာ ၁၄၁၇၅၄ ကျပ်ခန့် ဖြစ်သည်။ လက်ရှိကုန်ဈေးနှုန်းနှင့် လူနေမှုစရိတ်ကို မကာမိသော်လည်း အတိုင်းအတာတစ်ခုအထိ အရေးပါနေသည်။ ကျွန်ုပ်၏လစဉ်ဆေးဝါးစရိတ်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်သည်။ အခြားအငြိမ်းစားများလည်း ထိုကဲ့သို့ပင်ဖြစ်ပေမည်။ ယခုလို အငြိမ်းစားလစာကို တိုးပေးခဲ့သဖြင့် နိုင်ငံတော်သမ္မတကြီးနှင့် တာဝန်ရှိသူများအားလုံးကို ကျွန်တော်တို့ အငြိမ်းစားများက အထူးကျေးဇူးတင်ရှိသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ ထိုလုပ်ဆောင်ချက်သည် သမ္မတကြီးနှင့် မဏ္ဍိုင်အသီးသီးမှ လုပ်ဖော်ကိုင်ဖက်များ၏ ပြည်သူများအပေါ်ထားရှိသည့် စေတနာကို မှတ်ကျောက်တင်လိုက်ခြင်းပင်ဖြစ်ပါသည်။

သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ အမျက်ဒေါသနှင့် ကြီးမားသောဖိအားကို ရဲဝံ့စွာရင်ဆိုင်ရင်း မြစ်ဆုံစီမံကိန်းကိုရပ်ဆိုင်းရန် သမ္မတကြီးအဖို့ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာသတ္တိကိုမွေးခဲ့ရသည်။ ဒေသတွင်းဖွံ့ဖြိုးရေးနှင့် ခေတ်မီတိုးတက်ရေးထက် ဂေဟစနစ်အခြေခံသည့် ဘိုးဘွားပိုင် တောတောင်ရေမြေ သဘာဝအလှတရားများ ရေရှည်တည်တံ့နေမှုက အရေးကြီးပေရာ ကျွန်တော်တို့အားလုံးကတော့ မြစ်ဆုံစီမံကိန်းကို အပြီးအပိုင် ရပ်ဆိုင်းသွားတာကို မြင်လိုလှပါသည်။

> **ရှေ့ဆက်လျှောက်ပါ သမ္မတကြီး။ ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းတွေက သမ္မတကြီး နောက်မှာ ရှိနေမှာပါ။**

အချိန်အခါမဟုတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြောက်မက်ဖွယ်ရေလွှမ်းမိုးမှုများ၊ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ၊ ဆည်မြောင်းတာတမံရေလျှံမှုများနှင့်အတူ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ် ဒေသအချို့တွင် ပြည်သူများ၊ တိရစ္ဆာန် များ သေဆုံးကာအဆောက်အအုံများ၊ စိုက်ပျိုးမြေများ ပျက်စီးသွားခဲ့သည်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် မြစ်ဆုံဆည်လို ဆည်ကြီးတစ်ခု မပြောကောင်းမဆိုကောင်းကျိုးပေါက်မည်ဆိုပါက ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ လူစည်ကားရာ မြို့များ၊ မြစ်ကမ်းဘေးရှိကျေးရွာများ မည်မျှထိခိုက်ပျက်စီးသွားနိုင်မည်ကို မှန်းဆကြည့်နိုင်ပေသည်။ ဆည်တည်ဆောက်သူတွေ၊ သူတို့မိတ်ဆွေတွေနဲ့ ရင်းနှီးမြှုပ်နှံသူ(ဘယ်သူဖြစ်ဖြစ်ပါ)တွေက ဘယ်လောက်ပဲပြောပြော၊ရာသီဥတုဆိုတာကို သူတို့ထိန်းချုပ်လို့မရပါဘူး။ ဒီတော့ အဲဒီလောက် အန္တရာယ်ကြီးတဲ့ ကိစ္စကြီးအကောင်အထည်ပေါ်လာတာကိုလည်း ကျွန်တော်တို့ မမြင်လိုပါဘူး။

**ရှေ့ဆက်လျှောက်ပါ သမ္မတကြီး။ ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းတွေက သမ္မတကြီးနောက်မှာရှိနေမှာပါ။** အမှန်တကယ်တော့ သမ္မတကြီးနဲ့ သမ္မတကြီးရဲ့အစိုးရအဖွဲ့ဟာ ကန့်သတ်မှုတွေကြားက အကောင်းဆုံးဆောင်ရွက်ခဲ့သူများပါ။ ဒုတိယအကြိမ် သမ္မတတာဝန် ဆက်လက်ထမ်းဆောင်ဖို့ သမ္မတကြီးဆုံးဖြတ်မယ်ဆိုရင် သမ္မတကြီးကို ကျွန်တော်တို့အပြည့်အဝထောက်ခံအားပေးမှာဖြစ်ပါတယ်။ သမ္မတကြီးက အောင်ပွဲနဲ့ ထိုက်တန်သူပါ။

မြစ်ဆုံစီမံကိန်း အပြီးရပ်စဲရေးမှာ မသေချာသေးသည့်အတွက် ကျွန်တော်တို့အားလုံး စိုးရိမ်ပူပန်နေပါသည်။ ယခုအချိန်ထိ သမ္မတကြီး အကောင်းဆုံးလုပ်ဆောင်ခဲ့သည်ကိုတော့ ကျွန်တော်တို့နားလည်သဘောပေါက်ပါသည်။ သို့သော်လည်း **သမ္မတကြီး၏ သက်တမ်းကာလအတွင်း တိုင်းပြည်ကောင်းစားရေးအတွက် မြစ်ဆုံစီမံကိန်းကို အပြီးသတ်ရပ်ဆိုင်းလိုက်မယ်ဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ။** အဲဒီလိုသာဖြစ်ခဲ့ရင်တော့ သမ္မတကြီး၏အမည်နှင့် သမ္မတကြီး၏ အစိုးရအဖွဲ့မှာ မြန်မာ့သမိုင်းတွင် မော်ကွန်းထိုးခံရမယ့်အပြင် မြန်မာပြည်သူများ၏အသည်းနှလုံး၌ ထာဝရရှင်သန်နေမှာသေချာပါတယ်။

***(စာရေးသူ ဦးသန်းဌေးမှာ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာတိုင်းတာရေးနှင့် သတ္တုတူးဖော်ရေးဦးစီးဌာနမှ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။ ဆောင်းပါးပါ အယူအဆများသည် The Global New Light of Myanmar တွင်ဖော်ပြခဲ့သည့် ၎င်း၏ ထင်မြင်ယူဆချက်များ ဖြစ်ပါသည်။)***

## ပြည်တွင်းရေးရာ

✪ **ရွှေဖုံးမှ**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့အတွင်းတည်ရှိသည့် ချောင်းသာကျေးရွာလေးတွင် သူနေထိုင်လာခဲ့သည်မှာ ယခုအခါသက်တမ်းအားဖြင့် ၅၀ ကျော်လာခဲ့ပြီဖြစ်သည်။ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များနှင့် အထူးစည်ကားပြီး နာမည်ကျော်လူသိများသည့် ဇာတိမြေ ချောင်းသာကမ်းခြေကို အလွန်ချစ်မြတ်နိုးကြောင်း ဦးသန်းမြင့်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာရှိ ချောင်းသာကမ်းခြေသည် ၁၉၉၄ ခုနှစ်မှစတင်ပြီး ကမ်းခြေခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ကာ ၁၉၉၆ခုနှစ် မြန်မာ့ခရီးသွားနှစ်တွင် ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေလာရောက်မှုကြောင့် ပိုမိုလူသိများလာခဲ့သည်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ယာဉ်စီးရေတိုးချဲ့ပြေးဆွဲမှုနှင့် ခရီးသွားလုပ်ငန်းများ ဝန်ဆောင်မှုတိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ယခင်ကထက် ပိုမိုစည်ကားလာခဲ့သည်။

အောက်တိုဘာလအတွင်း အွန်လိုင်းစာမျက်နှာပေါ်တွင် ဓာတ်ပုံအထောက်အထားနှင့်တကွ ပျံ့နှံ့နေသည့် GRAND ဟိုတယ်နှင့် BELLE ဟိုတယ်ကြားမှ ကမ်းခြေသို့ ရေဆိုးများဖောက်ချမှုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဟိုတယ်သို့ အသိပေးပြီးဖြစ်ကြောင်း ရွှေသောင်ယံမြို့နယ်



GRAND ဟိုတယ်မှ လူသွားလမ်းကြား ရေများစီးဆင်းမှုမရှိစေရန် ရေပိုက်များ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

အုပ်ချုပ်ရေးမှူးက ပြောပြသည်။

"အခုဖြစ်တာက GRAND ဟိုတယ်နဲ့BELLE ဟိုတယ်ကြားမှာဖြစ်တာပါ။ ဖောက်တာက GRAND ဟိုတယ်ဝန်ထမ်းကဖောက်ချတာ ဓာတ်ပုံမှာပါတယ်။ အခုပျံ့နှံ့နေတဲ့ အွန်လိုင်းသတင်းက အမှန်ပါ။ ကျွန်တော် ဒီကိစ္စကို အွန်လိုင်းမှာပါတဲ့ရက်မှာပဲ ပုသိမ်မှာရှိတဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းက သက်ဆိုင်ရာ တာဝန်ရှိတဲ့ဌာနကို တင်ပြခဲ့တယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးက ပြောသည်။

GRAND ဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးက "ပင်လယ်က ဒီရေတက်လာတဲ့အခါမှာ သဲပေါ်မှာရေအိုင်လို့ ကျန်ခဲ့တဲ့အတွက် ဝန်ထမ်းကနေ ဖောက်ပေးနေတဲ့ပုံပါ။ ကျွန်တော်တို့ဆီက ရေဆိုးတွေ ဖောက်ချတာလုံးဝမဟုတ်ပါဘူး။ ဘေးက BELLE ဟိုတယ်နဲ့ ပေါင်းပြီးလုပ်တာပါ။လမ်းဖို့ပေးလိုက်တဲ့အတွက် အရင်လူသွားလို့မရတာတောင် အခုဆိုင်ကယ်နဲ့ သွားလို့ရနေပါပြီ၊ လမ်းကောင်းသွားပါပြီ"ဟု ဆိုသည်။

လူမှုကွန်ရက်အင်တာနက်စာမျက်နှာတွင် GRAND ဟိုတယ်နဲ့ BELLE ဟိုတယ်ကြား ရေဆိုးစွန့်ပစ်မှုသတင်း ပေါ်ထွက်လာပြီးနောက် အဆိုပါ ဟိုတယ်များမှ သဲများဖို့ခြင်း၊ ရေပိုက်များပြုပြင်ခြင်း၊ ရေဆိုးများစိမ့်ထွက်ရာ နံရံများနှင့် ရေနုတ်မြောင်းများအား အင်္ဂတေဖြင့် ပိတ်ဆို့ခြင်း စသည့် ပြင်ဆင်မှုများကို ယခုရက်ပိုင်းအတွင်းက ပြုလုပ်ခဲ့သည်ဟု ဒေသခံတစ်ဦးဖြစ်သူ ကိုမင်းဇော်က ရှင်းပြသည်။

"ကျွန်တော်တို့ရဲ့ ဟိုတယ်ထောင့်မှာ ကန်ကြီးတစ်ကန်ထားပြီးရေဆိုးတွေသိုလှောင်ထားပါတယ်။ အဲဒီကန်ထဲက ရေဆိုးတွေကို ပိုက်နဲ့စုပ်၊ ထော်လာဂျီနဲ့တင်ပြီး တရားဝင်ခွင့်ပြုထားတဲ့နေရာမှာ သွားစွန့်ပစ်ပါတယ်။ မိုးတွင်းဘက်မှာ ဟိုတယ်နှစ်ခုကြားက မြောင်းရှိတဲ့ လမ်းကြားကနိမ့်တဲ့အတွက် ရှိသမျှရေက အကုန်ဆင်းတယ်။ ဟိုတယ်ဇုန်ရှေ့မှာရှိတဲ့မြောင်းကလည်း အနက်က တစ်ပေလောက်ပဲရှိတော့ မိုးတွင်းဆိုရေလျှံတယ်။ ဟိုတယ်ဇုန်နဲ့ ရပ်ကွက်က သုံးတဲ့ ရေမြောင်းကလည်း ဆင်းစရာအပေါက်မရှိတော့ဘူး။ မြေနိမ့်တဲ့ကမ်းခြေဘက်ကို ဆင်းသွားတယ်။ စည်ပင်က မြောင်းဖောက်ပေးလိုက်ရင် အားလုံးအတွက် အဆင်ပြေသွားမယ်" GRANDဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးက ပြောပြသည်။

ရေစီးရေလာကောင်းမွန်ရေးအတွက် ဟိုတယ်များရှေ့ရှိ ရေနုတ်မြောင်းများအား ဖောက်ရန်အတွက် အစည်းအဝေးနှစ်ကြိမ် ကျင်းပဆွေးနွေးခဲ့သော်လည်း ဟိုတယ်ပိုင်ရှင်များဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအားနည်းနေကြောင်း ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ရေမြောင်းတွေက ထွက်ပေါက်မရှိဘူး။ ထွက်ပေါက်မရှိတော့ မိုးတွင်းဆို ကမ်းခြေဘက်ကို ဖောက်ချကြတယ်။ အဲလိုမဖြစ်သင့်ဘူးဆိုပြီး ဆွေးနွေးတယ်။ ဟိုတယ်တချို့က သူတို့ဟိုတယ်ဆိုင်းဘုတ်နဲ့ မလွတ်လို့ ရေမြောင်း မဖောက်ချင်ကြဘူး။ ဟိုတယ်ရှေ့မှာရှိတဲ့ ရေမြောင်းတွေ ရေစီးရေလာကောင်းအောင်လုပ်ဖို့ တစ်ပတ်အချိန်ပေးထားတယ်။ ဒါပေမယ့် လုပ်တာမတွေ့ရဘူး။ ဟိုတယ်တွေဘက်က ပါဝင်မှုအားနည်းနေတယ်"ဟု ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျင်စိုးကပြောသည်။

ဟိုတယ်မျက်နှာစာရှေ့ရှိ ရေဆိုးများစွန့်ပစ်ရာ ရေမြောင်းများအား ရေစီးရေလာကောင်းမွန်ရန်အတွက် ဥတိုချောင်းဘက်သို့ ဖောက်လုပ်လိုက်မည်ဆိုပါက ချောင်းသာကမ်းခြေသို့ရေဆိုးဝင်ရောက်မှု မရှိနိုင်တော့ကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လတ်တလောဖြစ်ပေါ်နေသည့် GRAND ဟိုတယ်



ချောင်းသာကမ်းခြေ၌ အမှိုက်များဖြင့် ရှုပ်ပွနေသည်ကို တွေ့ရစဉ်။



ချောင်းသာကမ်းခြေအနီးရှိ ရွှေ့ပြောင်းအိမ်ရာ (ကျူးကျော်တဲ)များကို တွေ့ရစဉ်။

နှင့် BELLE ဟိုတယ်ကြားမှ ကမ်းခြေသို့ ရေဆိုးစွန့်ပစ်မှုနှင့်စပ်လျဉ်းပြီး ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦးက "တိုင်ကြားမှုရှိလာပြီဆိုရင်တော့ ကျွန်တော်တို့ သွားစစ်ဆေးရမှာပါ။ မှန်ကန်တယ်။သေချာတယ်။ မြေပြင်မှာဖြစ်တာ တွေ့ပြီဆိုရင်တော့ အရေးယူဆောင်ရွက်နိုင်ဖို့ဆက်လက်တင်ပြသွားမယ်။ GRAND ဟိုတယ်နဲ့ BELLEဟိုတယ်ကြားကိစ္စက စုံစမ်းတော့ လက်ရှိသွားကြည့်တဲ့အချိန်မှာ သိထားတဲ့အနေအထားက လွဲနေတယ်။ သူတို့က ရေဆိုးမြောင်းထဲကိုထည့်တာ မြောင်းထဲက လျှံပြီးကျတဲ့အတွက် မြောင်းကိုလည်းရေစီးရေလာကောင်းအောင် စည်ပင်နဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ပြောတယ်"ဟု ရှင်းပြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အနေဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရန်အတွက် ခရီးသွားရာသီအစတွင် ဟိုတယ်နှင့် တည်းခိုခန်းများ စည်းကမ်းများလိုက်နာရန် အမိန့်ညွှန်ကြားစာများ ထုတ်ပြန်ခြင်း၊ ကြပ်မတ်စစ်ဆေးခြင်းများ နှစ်စဉ်ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ကမ်းခြေဒေသတွင် လုပ်ငန်းဆောင်ရွက်မည့် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ အနေဖြင့် ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမိန့်ကြော်ငြာစာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရမည်ဖြစ်ပြီး သက်ဆိုင်ရာ အစိုးရက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုက်နာရန် ပျက်ကွက်ပါက မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာရန် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) ဖြင့် ထုတ်ပြန်ထားသော်လည်း ချောင်းသာကမ်းခြေရှိ ဟိုတယ်အများစုမှာ ရေဆိုးစွန့်ပစ်မှုနှင့်ပတ်သက်ပြီး လိုက်နာမှုအားနည်းနေသေးကြောင်း ရွှေသောင်ယံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးက ပြောသည်။

ချောင်းသာကမ်းခြေသို့ ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ စီးပွားလာရှာကြသူများလည်းရှိရာ စည်းကမ်းမဲ့နေထိုင်သူများကြောင့် ချောင်းသာပတ်ဝန်းကျင်သာယာလှပသန့်ရှင်းရေးအတွက် သက်ဆိုင်ရာအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်ရန် လိုလားလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ချောင်းသာကမ်းခြေအနီး ဖိုးကုလားကျွန်းတွင် နေထိုင်သူကိုဇော်က "ချောင်းသာကမ်းခြေတစ်လျှောက်မှာဆို အုန်းတောကမ်းခြေကနေ ကျောက်တစ်လုံးကမ်းစပ်ထိ မသန့်တော့ဘူး။ ကျွန်တော်တို့က ကမ်းခြေကိုမှီပြီး စားသောက်နေရတာ။ ချောင်းသာကို ဧည့်သည်များများလာမှ စားဝတ်နေရေးအဆင်ပြေမှာ။ ဧည့်သည်မလာရင် အဆင်မပြေနိုင်ဘူး။ ဒါ့ကြောင့်ဆိုင်တွေ စည်းကမ်းရှိဖို့လိုတယ်။ ဟိုတယ်တွေကတော့ သူတို့အမှိုက် သူတို့သိမ်းတယ်။ ရေဆိုးကိစ္စကတော့ မပြောတတ်ဘူး။ ဒီကမ်းခြေပိတ်သွားမှာတော့ စိုးရိမ်တယ်။ ကမ်းခြေနားမှာ ကျွန်တော်တို့ဒေသအခေါ် ဇီးရိုးရပ်ကွက်ဆိုတာရှိတယ်။ သူတို့က အညစ်ပတ်ဆုံးပဲ။ အညစ်အကြေးကို ဖြစ်သလိုစွန့်တယ်။ ငါးတွေလှန်းတယ်။ ဒါတွေကိုလည်း သက်ဆိုင်ရာက စိစစ်ပေးရင်ကောင်းမယ်။ သူတို့ကြောင့်လည်း ကမ်းခြေအလှက ညစ်နွမ်းစေနိုင်တာပဲ"ဟု ပြောသည်။

ဒေါက်တာဦးဌေးအောင် [ပါမောက္ခ(ငြိမ်း)အဏ္ဏဝါသိပ္ပံ]ကလည်း"ရေထဲအမှိုက်ပစ်တာတို့၊ ကမ်းစပ်မှာ မစင်စွန့်နေတာတို့ကတော့ မကောင်းဘူးပေါ့ဗျာ။ ဒီနေရာက သဘာဝကမ်းခြေအနေအထားမျိုးဖြစ်နေတာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေက ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ကောင်းတယ်"ဟုဆိုသည်။

ချောင်းသာကမ်းခြေသို့ အပန်းဖြေလာရောက်လည်ပတ်သူ ကိုလင်းလင်းကမူ "ကျွန်တော် ချောင်းသာကိုလာတာ ဒါပါနဲ့ဆို (၅)ကြိမ်ရှိသွားပြီ။ တစ်နှစ်နဲ့တစ်နှစ်



GRAND ဟိုတယ်နှင့် BELLE ဟိုတယ်ကြား ယခုရက်ပိုင်းအတွင်း သဲများဖို့ထားမှုကို တွေ့ရစဉ်။

သန့်ရှင်းသပ်ရပ်မှုက အားနည်းလာတယ်။ ကမ်းခြေမှာလည်း အမှိုက်တွေတွေ့နေတယ်။ အမှိုက်ပစ်စရာ အမှိုက်ပုံးလည်းမရှိဘူး။ တချို့နေရာတွေမှာ ဟိုတယ်တွေဘက်က ရေမြောင်းလိုမျိုးစီးနေတာတွေ တွေ့နေရတယ်။သဘာဝကမ်းခြေအနေအထားလေးဖြစ်နေတဲ့ ချောင်းသာကမ်းခြေအလှ ပျက်စီးသွားမှာ စိုးရိမ်တယ်ဗျာ"ဟု ပြောသည်။

"မိုးတွင်းဆို ဟိုတယ်တွေရှေ့မှာရှိတဲ့ ရေမြောင်းထဲက ရေဆိုးတွေနဲ့ မိုးရေနဲ့ပေါင်းပြီး ပင်လယ်ထဲကိုစီးတာ။ သူတို့ ဒီလိုပဲစွန့်ပစ်နေတာကြာပြီ။ နွေရာသီဆိုပြဿနာမရှိဘူး။ မိုးတွင်းဆို ရေကချက်ချင်းမဆင်းတော့ ရေစီးကြောင်းဖြစ်ပြီး ပင်လယ်ထဲကိုစီးသွားတယ်။ အဲဒီရေဆိုးတွေက ရေရှည်မှာ ဘာဆိုးကျိုးတွေ ဖြစ်လာနိုင်တယ်ဆိုတာမသိဘူး။ တော်တော်များများကတော့ စိတ်ပူနေကြတယ်"ဟု ချောင်းသာကမ်းခြေတွင် ခရုအလှဆင်ပစ္စည်းများ ရောင်းချသူ ဒေသခံ ဦးမင်းဇော်က ပြောသည်။

**စာမျက်နှာ ၉ သို့** ❖

# ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာ


## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

**၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက်**

မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုရာတွင် ဘောလ်ပင်ဖြင့် အမှန်ခြစ်(✔)ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာများနှင့် ပယ်မဲနမူနာများအား ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများ




နမူနာ-၁




နမူနာ-၂




နမူနာ-၃




နမူနာ-၄



နမူနာ-၅



နမူနာ-၆



နမူနာ-၇

ကိုယ်စားလှယ်လောင်းအမည်အကွက်နှင့် ပါတီသင်္ကေတအကွက် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ-၈

ပါတီသင်္ကေတအကွက်နှင့် ကွက်လပ် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ-၉


အမှန်ခြစ်ကို မှောက်ထိုးခြစ်ထားသော မဲလက်မှတ်



နမူနာ-၁၀

အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်

## ကြိုတင်ဆန္ဒမဲလက်မှတ် ပယ်မဲနမူနာများ




ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်

နမူနာ-၁



တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲလက်မှတ်

နမူနာ-၂




လုံးဝဆန္ဒပြုမထားသောမဲလက်မှတ်

နမူနာ-၃

စာမျက်နှာ ၉ သို့ ❖

❖စာမျက်နှာ ၈ မှ



အစွန်းအထင်းပါသောမဲလက်မှတ်

နမူနာ-၄



အမှတ်အသားပြုထားသောမဲလက်မှတ်

နမူနာ-၅



တာဝန်ခံ၏လက်မှတ် မပါသောမဲလက်မှတ်

နမူနာ-၆



ကြက်ခြေခတ်၍ ဆန္ဒပြုထားသောမဲလက်မှတ်

နမူနာ-၇




မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်

နမူနာ-၈




နမူနာ-၉

မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



နမူနာ-၁၀

မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



နမူနာ-၁၁

ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ-၁၂

တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ် (မဲလက်မှတ်၏ ကျောဘက်တွင် လက်မှတ် ထိုး၍ တံဆိပ်ထုရခြင်း ဖြစ်သည်။)

❖ စာမျက်နှာ ၇ မှ

ဒေါက်တာဦးငွေအောင်ပြုံ(ပါမောက္ခ(ငြိမ်း) အဏ္ဏဝါသိပ္ပံ)က "ချောင်းသာကမ်းခြေမှာက ရေဆိုးစွန့်ထုတ်မှု သိပ်မများတော့ ဘာမှမထိခိုက်နိုင်ပါဘူး။ ဟိုတယ်တွေများလာရင် ရေဆိုးစွန့်ထုတ်မှုတွေများလာရင်တော့ ရေဆင်းကူးသူတွေကို ယားယံမှုတွေဖြစ်လာနိုင်တယ်။ အောက်ဆီဂျင်ပြတ်ရင် ကမ်းမှာရှိတဲ့ ငါးတွေ၊ ပုစွန်တွေမနေတော့ဘူး။ ချောင်းသာကို ဘာလို့ဂရုစိုက်ရလည်းဆိုတော့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေလာတော့ရေဆိုးစွန့်နေတာတွေမြင်သွားရင် အမြင်မသင့်တော်ဘူး။ ခရီးသွားလုပ်ငန်းကျဆင်းသွားမှာစိုးရိမ်ရတယ်"ဟု သုံးသပ်ပြောကြားသည်။

ချောင်းသာအပန်းဖြေစခန်းသို့ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ပြည်တွင်းပြည်ပ ခရီးသည်ဝင်ရောက်မှုမှာ ပြည်တွင်းခရီးသည် ၁၅၄၆၄၂ ဦး၊ ပြည်ပခရီးသည် ၉၆၀၃ ဦးနှင့် ၂၀၁၅ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ ပြည်တွင်းခရီးသည် ၄၄၈၂၉ ဦး၊ပြည်ပခရီး သည် ၂၇၀၁၃ ဦးရှိကြောင်း ချောင်းသာကျေးရွာရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ သိရသည်။

ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပရေးအတွက် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊တည်းခိုခန်းလုပ်ငန်းရှင်များအသင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံလူမှုရေး အဖွဲ့အစည်းများပါဝင်သော ကမ်းခြေချစ်သူများအဖွဲ့မှ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အမှိုက်ကောက်ခြင်းဆောင်ရွက်လျက်ရှိကြောင်းကို အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထွန်းထွန်းက "ကျွန်တော်တို့ ဗုဒ္ဓဟူးနေ့တိုင်း ကမ်းခြေမှာရှိတဲ့အမှိုက်တွေကောက်တယ်။ ကမ်းခြေသာယာလှပဖို့အတွက် အပန်းဖြေလာရောက်သူတွေအနေနဲ့လည်း မိမိသုံးခဲ့တဲ့ အမှိုက်တွေကို စနစ်တကျ စွန့်ပစ်စေချင်တယ်။ အခုလာတဲ့သူတွေထဲမှာလည်း စည်းကမ်းတကျစွန့်ပစ်တာ အားနည်းတာကိုတွေ့ရတယ်"ဟု ပြောပြသည်။

ချောင်းသာကမ်းခြေ သာယာလှပရေးအတွက် ဒေသခံတစ်ဦးဖြစ်သူ ဦးမင်းဇော်က "ကျွန်တော်တို့က တစ်သက်လုံးနေတာ။အခုရွှေ့ပြောင်းနေထိုင်သူတွေများလာပြီ။နှစ်ရှည်လာတော့ ကမ်းခြေက ကျွန်တော်တို့ ငယ်ငယ်တုန်းကလို မသန့်တော့ဘူး။သဲအရောင်၊ နုန်းအရောင်ကအစ ကွာလာပြီ။ ဒီတော့ ကမ်းခြေအတွက် စိုးရိမ်လာတယ်။ ဒီဟာကို စည်းကမ်းတကျလေးဖြစ်လာအောင် သက်ဆိုင်ရာက လုပ်ပေးစေချင်တယ်။စည်းကမ်းမဲ့မှုတွေကြောင့် ကျွန်တော်တို့ဒေသလေး ပျက်စီးသွားမှာတော့ မလိုလားဘူး။ချောင်းသာကမ်းခြေ လှပရေးနဲ့ ရေရှည်တည်တံ့နေဖို့က ကျွန်တော်တို့ဒေသခံတွေအတွက် မျှော်လင့်ချက်မနက်ဖြန်တွေပါ"ဟု ရင်ဖွင့်ပြောပြသည်။

# မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့်သူများအနေဖြင့် အမှားအယွင်းမရှိ ဆောင်ရွက်နိုင်စေရန်အတွက် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များသင်တန်းကို အထက(၁) ရွှေပြည်ရတနာခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ဖြစ်ကြသော ဦးစံမြင့်၊ ဦးလှမြင့်၊ ဦးလှရီ၊ ဦးကျော်ဝင်း (မြို့နယ်ပညာရေးမှူး)၊ ဦးဝင်းကြည်(ဥပဒေ)တို့က သင်တန်းပို့ချပြီး မဲရုံမှူး၊ ဒုမဲရုံမှူး ၁၉၀ နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ/အတွင်းရေးမှူး ၅၄ဦး စုစုပေါင်း ၂၄၄ ဦးတို့ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းသို့တက်ရောက်ခဲ့သည်။

သင်တန်းအပြီးတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိန်းဝဏ္ဏထက်က မဲရုံမှူး၊ ဒုမဲရုံမှူးများအား ဆန္ဒမဲပေးပုံကိုလက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၅ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(ဝင်းမင်း)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၉**

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Seismic Survey လုပ်ငန်းများကို MV. SANCO SWORD (Call Sign ZDNE 7) ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၄ရက်နေ့မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ 3D Marine Seismic Acquisition Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Location | Latitude | Longitude |
|---|---|---|
| A | 13° 48' 38.7" N | 95° 45' 56.0" E |
| B | 13° 48' 45.2" N | 95° 51' 03.7" E |
| C | 13° 24' 30.7" N | 95° 51' 04.6" E |
| D | 13° 24' 27.8" N | 95° 20' 42.4" E |

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Seismic Survey လုပ်ငန်းများကို MV. SANCO SWORD ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၄ရက်နေ့မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက်(Notice to Mariners) အား ထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

**(ကြေးမုံ)**

# နည်းပညာနှင့် သက်မွေးပညာကဏ္ဍ မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန်　　အောက်တိုဘာ　　၁၉**

နည်းပညာနှင့် သက်မွေးပညာကဏ္ဍမြှင့်တင်ရေးနှင့် ဂျီတီအိုင် နှစ်(၁၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦး၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ၏ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးညီလှငယ်၊ ဂျီတီအိုင် ကျောင်းသားဟောင်းများအသင်း နာယကနှင့် အဖွဲ့ဝင်များ၊ GIZ ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍမြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရေး၊ သက်မွေးပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသော သက်မွေးပညာဆရာနှင့် နည်းပြများမွေးထုတ်နိုင်ရေး၊ လက်တွေ့တတ်ကျွမ်းမှုကို ဦးစားပေးသည့် သင်ရိုးညွှန်းတမ်းများရေးဆွဲနိုင်ရေးနှင့် သက်မွေးပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဂျီတီအိုင် နှစ်(၁၂၀)ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပနိုင်ရေး ဆွေးနွေးကြသည်။ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းက ကြီးမှူး၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဂျီတီအိုင် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ ပထမဆုံးမြန်မာနိုင်ငံ စက်မှုလက်မှုသိပ္ပံ Government Engineering School ကို ၁၈၉၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အင်းစိန် GTI အဆောက်အအုံသို့ ၁၉၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ လက်ရှိတွင် အင်းစိန် GTI ကျောင်း၌ AGTI Society၊ ဂျပန်နိုင်ငံ KINDEN Corporation နှင့် SUMITOMO Corporation တို့ပူးပေါင်း၍ Sakura-Insein Technical Centre တွင် High Tension Line Installation Course၊ Commercial Wiring Course၊ Estimating Course နှင့် Safety Course သင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

**(ပညာရေး)**

**❖ မသန်စွမ်းသူများမှ**

ကုန်ကျနေပြီး ဆေးကုသစရိတ်များကြောင့် ၎င်းတို့မိသားစုများကို စာနာ တတ်ရန်လိုသည်။ တစ်ကမ္ဘာလုံးတွင် နားမကြားသူများ ၁၀ ရာခိုင်နှုန်းမှာ နားကြားအကူကိရိယာ ဖြည့်ဆည်းပေးရန်လိုအပ်နေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သုံးရာခိုင်နှုန်း အရေးတကြီးဖြည့်ဆည်းပေးရန် လိုအပ်နေကြောင်း၊ မျက်စိဝေဒနာရှင် သန်း ၂၀၀၊ မသန်စွမ်း သန်း ၇၀ ၏ ငါးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွက် (Wheel Chair) တွန်းလှည်းများလိုအပ်လျက်ရှိရာ အလှူရှင်များအနေဖြင့်လည်း တတ်နိုင်သလို ပါဝင်ကူညီကြရန် WHO မှ တိုက်တွန်းထားသည်။

ထို့ပြင် ဒီဇင်ဘာ ၃ ရက်နေ့ကို နိုင်ငံတကာမသန်စွမ်းသူများနေ့ (International Day of Persons with Disabilities) အဖြစ် ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ မသန်စွမ်းသူများပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးဖိုရမ်ကိုလည်း DESA-UN Habitat က ဦးဆောင်ဆွေးနွေးလျက်ရှိသည်။

ယခုနှစ်တွင်ကျရောက်သည့် စိတ်ကျန်းမာရေးနေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက "စိတ်ဝေဒနာရှင်များ၊ ဒုက္ခိတများအား ၎င်းတို့၏ဘဝ ဂုဏ်သိက္ခာရှိရှိဖြင့် ရှင်သန်နေထိုင်နိုင်ရေးနှင့် ဝိုင်းဝန်းဖြည့်ဆည်းပေးရန်" တိုက်တွန်းပြောကြားခဲ့ပြီး UN ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Jan Eliasson ကလည်း (၈)ကြိမ်မြောက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အစည်းအဝေးတွင် ဒုက္ခိတများကို ခွဲခြားဆက်ဆံခြင်း မပြုကြရန် တိုက်တွန်းထားသည်။

**(ဖိုးသန့်)**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဓာတ်ပုံများယှဉ်တွဲဖော်ပြမှုအတွက် အမှားပြင်ဆင်ချက်ဖော်ပြပေးရန် The Voice ဂျာနယ်သို့ ညှိနှိုင်းအကြောင်းကြားထား

**နေပြည်တော် အောက်တိုဘာ ၁၉**

The Voice ဂျာနယ်၏ အောက်တိုဘာ ၁၇ ရက်ထုတ် အတွဲ(၁၁)၊ အမှတ် (၃၉) အချပ်ပိုစာမျက်နှာ(၅)တွင် ဖော်ပြခဲ့သော မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် သတင်း၌ သတင်းနှင့် ယှဉ်တွဲဖော်ပြထားသော ဓာတ်ပုံမှာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၏ ဓာတ်ပုံမဟုတ်ဘဲ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ဓာတ်ပုံဖြစ်နေပြီး ဓာတ်ပုံလွဲမှား ဖော်ပြထားသည်ကို တွေ့ရှိရသည်။


လူထုလိုလားပါက ဝန်ကြီးချုပ်ဆက်လုပ်မည်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်ပြော

ထိုသို့ ဓာတ်ပုံမှားယွင်းဖော်ပြခဲ့မှုအပေါ် ထပ်မံထွက်ရှိမည့် သတင်းစာ၊ ဂျာနယ်၏ မူလမှားယွင်းဖော်ပြခဲ့သည့် စာမျက်နှာ၌ အမှားပြင်ဆင်ချက်အား သိသာထင်ရှားစွာ ပြန်လည်ထည့်သွင်းဖော်ပြနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကြောင်းကြားလာသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၉ ရက်စွဲပါစာဖြင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)သို့ ဓာတ်ပုံများယွင်းဖော်ပြခဲ့သည့် သက်ဆိုင်ရာဂျာနယ်နှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ဆက်လက်အကြောင်းကြား ညှိနှိုင်းထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

■

# မိုးရာသီ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီက ကြီးမှူး၍ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ မိုးရာသီ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပမည်ဖြစ်သည်။

ကာယဗလမောင်တွင် ကီလို ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၂ နှင့် ၇၅ ကီလို အထက်တန်းဟူ၍ ခွဲခြားထားပြီး အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက်၊ ၅ ပေ ၃ လက်မနှင့်အထက်ဟု ခွဲခြားထားသည်။ ပြိုင်ပွဲဝင်လိုသူများသည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားကွင်း အထူးတန်း၌ နောက်ဆုံးစာရင်းပေးသွင်း၍ အတန်းခွဲခြားခြင်းများကို စစ်ဆေးခံရမည်ဖြစ်သည်။

ပြိုင်ပွဲကိစ္စနှင့်ပတ်သက်၍ သိရှိလိုပါက ရန်ကုန်တိုင်းအားကစားမှူး ဒေါ်မြမင်းမင်းမူ ၀၉-၄၂၀၁၁၂၄၀၈ နှင့် ဦးကျော်ညီညီလွင် ဖုန်း ၀၉-၈၆၂၆၄၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ပြိုင်ပွဲကို ဝင်ကြေးမရှိ အခမဲ့ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကောင်းကင်သစ် မဂ္ဂဇင်းထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် နွမ်းပါးမိသားစု ရင်သွေးများ ပညာရေးရန်ပုံငွေအတွက် ရည်ရွယ်ထုတ်ဝေသည့် "ကောင်းကင်သစ်မဂ္ဂဇင်း" အောက်တိုဘာလ အတွဲ(၁)၊ အမှတ်(၃) ထွက်ရှိလာသည်။

အဆိုပါမဂ္ဂဇင်းတွင် မဂ္ဂဇင်းတစ်စောင်၌ ပါသင့်ပါထိုက်သော အကြောင်းအရာများကို စုံလင်ဝေဆာစွာ ထည့်သွင်းဖော်ပြပေးထားသည်။ ဓမ္မဆောင်းပါးကဏ္ဍတွင် မြသန်းစံ၏ အမေဆောင်းပါး၊ ကဗျာကဏ္ဍတွင် မြင့်ဦးဦးမြင့်နှင့် မောင်မောက်(ဥက္ကလာ)တို့၏ ကဗျာများ၊ မြန်မာ့ရုပ်ရှင်နေ့ဂုဏ်ပြုဆောင်းပါး၊ နှစ်နှစ်တာအတွက်မယ်စကြဝဠာမြန်မာ၊ ကြယ်နှစ်စင်း တစ်ပြိုင်တည်းထွန်းလင်းတဲ့ အမှတ်တရည၊ နိုင်ငံရေးတွေ မပြောချင်ဘူးဆိုသည့် မေခလာနှင့် တွေ့ဆုံခြင်း၊ အကယ်ဒမီမေသန်းနုနှင့် တွေ့ဆုံခြင်း၊ အနုပညာလောကထဲသို့ မျက်စိစုံမှိတ်ဝင်မည့် သရုပ်ဆောင်သစ်၊ အနုပညာလောကကြီးတဲ့သူ သို့မဟုတ် ဂုဏ်ရှိန်ဝင့်ထည် စသည့် အနုပညာရပ်ဝန်းများကို ဖော်ပြထားသည်။

ယခုအပတ် အထူးပြုကဏ္ဍအနေဖြင့် ရဲထွဋ်၏ ဈေးကွက်၊ အနုပညာနဲ့စီးပွားရေး၊ နိုင်ငံတကာရုပ်ရှင်လောကမှ စီးပွားရေးလုပ်ငန်းရှင်၊ ခေတ်ကိုထင်ဟပ်တဲ့ ယနေ့ပြက္ခဒိန်ဈေးကွက်၊ လက်ရှိဗီဒီယိုဈေးကွက် ကျဆင်းနေတဲ့ ပြဿနာဘာလဲ၊ အနုပညာဆန်တဲ့ စီးပွားရေး၊ မြတ်ခိုင်၏ ပုဂ္ဂလိကစာနယ်ဇင်းများနှင့် ဒွေးဂယက်၊ မျိုးသာထက်၏ လန်ဒန်တွင် ရုပ်ရှင်ကြည့်ခဲ့ဖူးတယ်၊ ရင်သွေးငယ်ပညာရေးအတွက် မိခင်နှစ်ဦးရဲ့ စွန့်စားခန်း၊ မဟာဆန်တဲ့မာယာမျက်နှာဖုံး နောက်ကွယ်က အခြေခံအလုပ်သမားတို့ဘဝ စသည်တို့ပါဝင်သည်။



ထို့အပြင် အကယ်ဒမီကျော်သူနှင့် တွေ့ဆုံခြင်း၊ အကြည်တော်ရဲ့ ပြတ်ပြီဒါပဲ၊ ဖြစ်ရပ်မှန်ရုပ်ရှင်ဇာတ်လမ်း၊ အမေရုပ်ရှင်ထုတ်လုပ်ရေးနဲ့ မေသန်းနုရဲ့စကားသံများ၊ ဇီယက်နမ်မင်းသမီး၊ ဂီတဖက်ရှင် အကရုပ်ရှင်ပါရိုက်တော့မယ့် အမွန်းတို့လည်းပါဝင်ပြီး ဝတ္ထုကဏ္ဍတွင် မင်းကိုနိုင်ရဲ့ ကျေးဇူးတင်ပါသည်တို့ကို ဖော်ပြထားရာ စိတ်ကြိုက်ဖတ်ရှုရမည့် မဂ္ဂဇင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ကောင်းကင်သစ်မီဒီယာ အခန်းအမှတ်(၆၀၂)ခြောက်လွှာ အောင်ဇေယျကွန်ဒို သိပ္ပံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၃၇၇၁၄၀ က တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

**(ကြေးမုံ)**

**✱ မြန်မာနိုင်ငံမှ**

ဝါးတွေပေါပေမယ့် ကိုယ်ပိုင်ဝါးမရှိသေးတဲ့အတွက် ဝါးနဲ့ အထပ်သား ထုတ်ကုန်တစ်မျိုးအဖြစ် ထုတ်လုပ်နိုင်ဖို့ဆိုရင်တော့ မဖြစ်နိုင်သေးပါဘူး" ဟု ဦးကျော်ဝင်းက အထပ်သားစမ်းသပ်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ရှင်းပြသည်။

လက်ရှိတွင် အထပ်သားထုတ်လုပ်ရန်အတွက် ဝါးကုန်ကြမ်း လုံလုံလောက်လောက်မရှိသေးကြောင်း၊ ဝါးဖြင့် အထပ်သားပြုလုပ်ရန်အတွက် ဝါးထရံတစ်ချပ်ကို အပြင်ကနေ ငွေကျပ် ၁၀၀၀ ကျော်ပေး၍ ဝယ်ယူရကြောင်း၊ ဝါးလုံလောက်မှု မရှိသေးခြင်းကြောင့် ဝါးစိုက်ပျိုးမှုကို စတင်လုပ်ဆောင်နေဆဲကာလဖြစ်ကြောင်း၊ ကိုယ်ပိုင်ဝါးများလာပါက သုံးနှစ်သား၊ လေးနှစ်သားဝါးများကို အထပ်သားအဖြစ်အသုံးပြုကာ သုံးမရသည့်ဝါးများကို မီးသွေးအဖြစ် ပြန်လည်ထုတ်မည်ဖြစ်ကြောင်း၊ ဝါးတောတွေ များများပိုင်ဆိုင်မည်ဆိုပါက အထပ်သားထုတ်လုပ်မှုကို နေ့ချင်းညချင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုစမ်းသပ်လိုက်တာက ဝါးထရံနဲ့ပါ။ ပထမဝါးခုတ်မယ်။ လွှာပြီး ထရံရက်မယ်။ ပထမဆုံးထရံတစ်ချပ်ရပြီဆိုရင် ကော်သုတ်ရတယ်။ ကော်သုတ်ပြီးမှ သုံးထပ်သားဆိုရင် သုံးချပ်၊ ငါးထပ်သားဆိုရင် ငါးချပ်ထပ်ပြီးတော့ ဖိခုံမှာ ၁၅ မိနစ်ကြာအောင် ဖိရတယ်။ ၁၅ မိနစ်ကြာဖိပြီးရင်တော့ ထွက်လာတဲ့အခါမှာ အပူလည်းပေးမယ်၊ ဖိအားပေးမယ်ဆိုရင် အထပ်သား တစ်ချပ်ရပါပြီ။ အထပ်သားရပြီဆိုရင် ဖြတ်စက်မှာ လိုချင်တဲ့ အရွယ်အစားကို ဖြတ်ပါတယ်။ ပြီးရင် ကော်ပတ်စားတဲ့ စက်ကိုပို့ပါတယ်။ အဲဒီကော်ပတ်စားတဲ့စက်က ထွက်လာပြီဆိုရင်တော့ အထပ်သားအချောထည်တစ်ခုရပါပြီ"ဟု ဝါးဖြင့် အထပ်သားထုတ်လုပ်မှု အဆင့်ဆင့်ကို ဦးကျော်ဝင်းက ရှင်းပြသည်။

"သစ်တွေရှားပါးလာတဲ့အခါကျတော့ နောက်အထပ်သားထုတ်မယ်ဆိုရင် အလယ်လွှာကို ဝါးကိုအသုံးပြုမယ်။ အပေါ်က ကျွန်းအုပ်လိုက်ရင် ကျွန်းအထပ်သားရမယ်။ နှီးအကျောနဲ့ အုပ်လိုက်မယ်ဆိုရင် ဝါးနဲ့လုပ်တဲ့ အချောကိုင်ပစ္စည်းရမယ်။ အဲဒါက ကျွန်တော်တို့စမ်းသပ်လိုက်တာနဲ့ စာရင် ပိုပြီးသက်သာလာမယ့်အနေအထားရှိပြီး အရည်အသွေးလည်း ကောင်းမယ်လို့ မြန်မာကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက်မှ မန်နေဂျာက ပြောပါတယ်။ တရုတ်နိုင်ငံကတော့ ဝါးနဲ့လုပ်တဲ့အထပ်သားတွေကို ကုန်တင်ကားတွေရဲ့အောက်မှာ အခင်းအဖြစ် အများဆုံး သုံးတယ်။ တုန်ခါမှုနှုန်းတွေ၊ ကြာရှည်ခံမှုအပိုင်းတွေမှာ အားသာချက်ရှိတဲ့အတွက် အသုံးများပါတယ်"ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်ဝင်းက ဆိုသည်။

ဝါးကို သစ်အဖြစ်အသုံးပြုရာတွင် တစ်လက်မခွဲအချောင်းများကို စက်ဖြင့်ခွဲကာ ကော်ဖြင့်ကပ်လိုက်ပါက တစ်ပေခွဲတုံးများရရှိကြောင်း၊ အဆိုပါ တစ်ပေခွဲတုံးများကို လိုအပ်သလို သစ်အဖြစ်အသုံးပြုနိုင်ရန် အရွယ်အစားများကို ထပ်မံခွဲ၍ ရယူနိုင်ကြောင်း၊ သစ်မာသားထက် ဝါးမှ ထုတ်လုပ်လိုက်သည့် သစ်အစားထိုး အသုံးပြုမှုမှာ ပို၍ခိုင်ခံ့မှုရှိကြောင်း၊ ခြင်း၊ ဆန်ခါ၊ တောင်း၊ ခမောက် စသည်တို့အပြင် လက်မှုပညာပစ္စည်းများအဖြစ် ခုတင်၊ ဆက်တီ၊ ကုလားထိုင်၊ ပန်းအိုး စသည်တို့ကိုလည်း ဝါးဖြင့်ပြုလုပ်၍ရကြောင်း သိရသည်။

■

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

# စာရင်းအင်း အချက်အလက်များ ပိုမိုအရည်အသွေးမြင့်လေ လူမှုဘဝပိုကောင်းလေ

မယု(စက်မှု)

နိုင်ငံတစ်နိုင်ငံ၏ စစ်မှန်ပြီး ပြီးပြည့်စုံသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် စာရင်းအင်းကဏ္ဍသည် အထူးအရေးပါသည့် ကဏ္ဍမှ ပါဝင်နေပါသည်။ အလုံးစုံသော ကဏ္ဍပေါင်းစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ ပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်မည်ဖြစ်ပြီး ပျော်ရွှင်ဖွယ်ကောင်းသည့် လူ့ဘောင်အဖွဲ့အစည်းများ စဉ်ဆက်မပြတ် ထူထောင်နိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ စာရင်းအင်းကဏ္ဍတစ်ခုလုံး၏ အကွာရာဖြစ်သည့် စာရင်းအင်းအချက်အလက်များ အရည်အသွေးမြင့်မားရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး အမြင်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရမည့် အချိန် ကျရောက်နေပြီ ဖြစ်ပါသည်။

statistics (စာရင်းအင်း) ဆိုသော စကားလုံးသည် အီတလီစကား **"ဖော်ပြသည်"** ကို တိုက်ရိုက်သုံးစွဲထားခြင်းဖြစ်သည်။ စာရင်းအင်းပညာ၏ အစသည် ၁၇ ရာစုအလယ်မှ စတင်သည်ဟု ယူဆကြပါသည်။ စာရင်းအင်းပညာသည် သင်္ချာဘာသာ၏ ဘာသာကွဲတစ်ခုဖြစ်ပြီး အဓိကအားဖြင့် အချက်အလက် (data)များကို စုဆောင်းခြင်း (collection)၊ ဆန်းစစ်ခြင်း (analysis)၊ အဓိပ္ပာယ်ဖော်ထုတ်ခြင်း (explanation)နှင့် ရှင်းလင်းတင်ပြခြင်း (presentation) စသည့် ဖြစ်စဉ်များ ပါဝင်သည်။ စာရင်းအင်းပညာသည် လူဦးရေဆိုင်ရာ အသိပညာ၊ လူမှုရေးသိပ္ပံမှ အတွေးအခေါ်များကို စတင်သက်ဝင်လာခဲ့ပြီး မျက်မှောက်ခေတ် ၂၁ ရာစုတွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းအင်းပညာဖြင့် များစွာပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။

ကမ္ဘာ့စာရင်းအင်းနေ့ ပေါ်ပေါက်လာပုံနှင့်စပ်လျဉ်း၍ တင်ပြရသော် ၂၀၁၀ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီးမှတစ်ဆင့် လူမှုအဖွဲ့အစည်းများ ရေရှည်ရပ်တည်နိုင်ဖို့ စာရင်းအင်းပညာသည် လွန်စွာအရေးကြီးကြောင်း မီးမောင်းထိုးသည့်အနေဖြင့် ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၀ ရက်ကို ကမ္ဘာ့စာရင်းအင်းနေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး နိုင်ငံပေါင်း ၁၃၀ ကျော်တွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပေးနိုင်ခဲ့ပါသည်။ ကျွန်မတို့ နိုင်ငံတွင် ၂၀၁၀ ခုနှစ် ပထမအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNFPA တို့ ပူးပေါင်း၍ ရုံးအမှတ် (၁) နေပြည်တော်တွင် ကျင်းပနိုင်ခဲ့ပါသည်။

ကမ္ဘာ့စာရင်းအင်းနေ့ကို ငါးနှစ်တစ်ကြိမ် ကျင်းပရန် သတ်မှတ်ချက်နှင့်အညီ ယခုနှစ် ၂၀၁၅ ခုနှစ် ကမ္ဘာ့စာရင်းအင်းနေ့၏ ဆောင်ပုဒ်ကို "Better Data, Better Lives" ဟု ကုလသမဂ္ဂမှ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ယခုနှစ်သည် ထောင်စုနှစ်ရည်မှန်းချက်များ ပြီးဆုံး၍ ၂၀၁၅ ခုနှစ် ဖွံ့ဖြိုးမှုအစီအစဉ်စတင်သည့် နှစ်တစ်နှစ်ဖြစ်ခြင်း၊ အထူးသဖြင့် ၂၀၂၀ ခုနှစ် ကမ္ဘာ့လူဦးရေသန်းခေါင်စာရင်းအတွက် ကြိုတင်အထောက်အကူဖြစ်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ယင်းဆောင်ပုဒ်ကို သတ်မှတ်ခဲ့ကြပါသည်။ ယခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ကြီးမှူး၍ **"စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်လေ လူမှုဘဝပိုကောင်းလေ"** ဟူသော အထိမ်းအမှတ် ဆောင်ပုဒ်ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၀)ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ဖွင့်ပွဲအခမ်းအနားနှင့်အတူ **စာရင်းအင်းဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲ** ကိုပါ ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ အစည်းအဝေးတွင် ကော်မတီ နာယက ဒုတိယသမ္မတ ဦးညာဏ်ထွန်းက **"အရည်အသွေး ပြည့်ဝသည့် စာရင်းအင်း၊ ကိန်းဂဏန်း၊ အချက်အလက် ညွှန်းကိန်းများရှိမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သည့် မူဝါဒ၊ လမ်းညွှန်မှုများကို ချမှတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သော စာရင်းအင်းအချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်ရန်၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများသည် ရှေ့နောက် ညီညွတ်မှုရှိရန်၊ အချိန်မီ ရရှိရန်၊ ယုံကြည်ကိုးစားနိုင်သည့် ခိုင်မာသော စာရင်းအင်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပြည်သူ့ကဏ္ဍများတွင် စီးပွားရေးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းဖြင့် တိကျခိုင်မာပြီး မြေပြင်နှင့် အမှန်ဆုံးနီးစပ်သည့် စာရင်းအင်းများသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခု၏ သတင်းအချက်အလက်ဆိုင်ရာစနစ်တွင် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း"** မိန့်ကြားချက်ကို နှလုံးသွင်းကာ စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်သည်။

နိုင်ငံတော်၏ စီမံချက်ကြီးတစ်ခုဖြစ်သည့် နှစ်ပေါင်း ၃၀ ကျော် မကောက်ယူနိုင်ခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကို နိုင်ငံတော်အနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ထိုမှတစ်ဆင့် ပြည့်စုံကောင်းမွန်သည့် တရားဝင်စာရင်းအင်းများကို ရရှိခဲ့ပါသည်။ ယင်းအချက်အလက်များအပေါ်

> **နိုင်ငံတော်၏ စီမံချက်ကြီးတစ်ခုဖြစ်သည့် နှစ်ပေါင်း ၃၀ ကျော် မကောက်ယူနိုင်ခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကို နိုင်ငံတော်အနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ထိုမှတစ်ဆင့် ပြည့်စုံကောင်းမွန်သည့် တရားဝင်စာရင်းအင်းများကို ရရှိခဲ့ပါသည်။ ယင်းအချက်အလက်များအပေါ် မူတည်၍ ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်မှု အတွက် ပိုမိုမှန်ကန် မြန်ဆန်ပြီး ပိုမိုအရည်အသွေး မြင့်မားသည့်စာရင်းအင်းများကို တွက်ချက်ဆောင်ရွက်နိုင်မည်ဖြစ်. . .**

မူတည်၍ ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုမှန်ကန် မြန်ဆန်ပြီး ပိုမိုအရည်အသွေး မြင့်မားသည့်စာရင်းအင်းများကို တွက်ချက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ပန်းတိုင် ၁၇ ခုနှင့် ရည်မှန်းချက် ၁၆၉ ခုဖြင့် နိုင်ငံခေါင်းဆောင်များ သဘောတူညီပြီးဖြစ်သည့် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် သတ်မှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ ပြည့်မီရေးတွင်လည်း စာရင်းအင်းအချက်အလက်များ အရည်အသွေးမြင့်မားရန် အထူးလိုအပ်လှသည်နှင့်အညီ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့မှ ဆောင်ရွက်နေမှုများကို အကျဉ်းချုပ်တင်ပြရလျှင် -

❖ စာရင်းအင်းကဏ္ဍ တိုးတက်လာစေရန်အတွက် ခေတ်နှင့် ကိုက်ညီမှုမရှိသည့် မြန်မာနိုင်ငံ၏ ၁၉၅၂ ခုနှစ်၌ ထုတ်ပြန်ခဲ့သော ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ အမှတ်(၃၄)အား အာရှဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်သော ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ **မြန်မာနိုင်ငံ စာရင်းအင်း ဥပဒေ (မူကြမ်း)**ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အသစ်ပြန်လည် ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

❖ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့မှ ကြီးမှူး၍ EU-ASEAN COMPASS အစီအစဉ် စတင်ခြင်း အခမ်းအနားနှင့် **စတုတ္ထအကြိမ်မြောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီ အစည်းအဝေး**ကို ၁၄-၁၀-၂၀၁၄ မှ ၁၆-၁၀-၂၀၁၄ ထိ မြန်မာနိုင်ငံမှာ အောင်မြင်စွာ လက်ခံ ကျင်းပနိုင်ခဲ့ပါသည်။

❖ ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်ထုတ်ပြန်သည့် Selected Monthly Economic Indicator စာအုပ်အား Italy Statistics Institute မှ ကျွမ်းကျင်သူ အကူအညီဖြင့် နိုင်ငံတကာစံနှုန်းများ၊ လုပခန့်ညားသည့် ဒီဇိုင်းများနှင့်အတူ အသစ်ပြန်လည် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

- EU-ASEAN Statistical Capacity Building Programme အရ EU နှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု စာရင်းအင်းများ အရည်အသွေးပြည့်ဝမှန်ကန်စေရေးအတွက် Eurotrace Software သင်တန်းများကို သင်ကြားပို့ချခဲ့ပါသည်။

❖ စာရင်းအင်းဆိုင်ရာ စွမ်းရည်မြှင့်တင်မှု စီမံချက်အရ ဗဟိုစာရင်းအင်းအဖွဲ့တွင် KOICA အထောက်အပံ့ဖြင့် နိုင်ငံတကာအဆင့်မီခေတ်မီ သင်တန်းခန်းမတစ်ခုအား ၂၀၁၅ ခုနှစ် မတ်လတွင် တည်ဆောက်ကာ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပါသည်။

❖ တစ်နိုင်ငံလုံး ခြုံငုံစေမည့် ဖွား၊ သေစာရင်းအင်း ပိုမိုပြည့်စုံ၊ အရည်အသွေးကောင်းမွန်စေရန် UNICEF နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

❖ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂ စာရင်းအင်းဆိုင်ရာ အခြေခံစည်းမျဉ်း (UN Fundamental Principle of Statistics)၊ အာဆီယံစာရင်းအင်း ကျင့်ထုံးဥပဒေသ (ASEAN code of Statistics)တို့နှင့် ကိုက်ညီသော စာရင်းအင်းများ ဖြစ်လာစေရန် အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics-NSDS) ရေးဆွဲရေးအတွက် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။


❖ ဗဟိုစာရင်းအင်းအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်း၍ စာရင်းအင်းပညာသင်တန်းများကို မိမိတို့ဌာနတွင်သာမက အခြားဝန်ကြီးဌာနများမှ စာရင်းအင်းဆိုင်ရာဝန်ထမ်းများကိုပါ (Train of Trainner)စနစ်ဖြင့် စဉ်ဆက်မပြတ်ဖွင့်လှစ်လျက်ရှိပါသည်။

❖ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သည့် စာရင်းအင်းအချက်အလက်များကို Online မှတစ်ဆင့် အသုံးပြုသူများထံ အလွယ်တကူရောက်ရှိနိုင်ရေးနှင့် အချိန်နှင့်တစ်ပြေးညီ စနစ်တကျထုတ်ဝေနိုင်ရန် ပိုမိုကောင်းမွန်သော စာရင်းအင်းနှင့် သတင်းအချက်အလက် ဖြန့်ဖြူးမှုပုံစံကို ရယူနိုင်ရေးနှင့် ပြည်သူလူထုမှ သတင်းအချက်အလက်များ မြန်ဆန်လွယ်ကူစွာရရှိနိုင်ရေးအတွက် စာရင်းအင်းအချက်အလက်များ အခြေခံသည့် Database စနစ်ကို (KOICA) နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မကြာမီ Online မှတစ်ဆင့် ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

❖ ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်ရုံးများ၊ မြို့နယ်ရုံးများနှင့် နေပြည်တော် (ရုံးချုပ်)အကြား သတင်းအချက်အလက် ဝန်ဆောင်မှုများအား လွယ်ကူလျင်မြန်စွာ ရရှိစေရန် **e-Government စနစ်**တစ်ခုကို စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

❖ ထို့အပြင် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အာရှဒေသသဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဌာနတို့ ပူးပေါင်း၍ ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ပြန်လည်ကောင်းမွန်လာရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ အောင်မြင်ရန် လုပ်ငန်းအစီအစဉ်များ၊ **စီမံကိန်းများအတွက် မူဘောင်များ၊ မဟာဗျူဟာများနှင့် ဘဏ္ဍာရေးဆိုင်ရာ** လိုအပ်ချက်များကို ခန့်မှန်းတွက်ချက်နိုင်ရန်အတွက် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် လိုအပ်ချက်များ အကဲဖြတ်ဆန်းစစ်ချက် (PDNA) မူကြမ်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုစုခဲ့ပြီးဖြစ်ရာ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များအတွက် များစွာအထောက်အကူ ဖြစ်စေမည် ဖြစ်သည်။

အထက်ပါ လုပ်ငန်းစဉ်များမှသည် နိုင်ငံတော်မှ ချမှတ်ကျင့်သုံးနေသည့် **"စာရင်းအင်း ကိန်းဂဏန်းများ တိကျမှန်ကန်ရေး"**ဟူသော စီးပွားရေးမူဝါဒအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်သည်။ ထိုမှတစ်ဆင့် စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်မားလာမည်ဖြစ်ကာ ပိုမိုကောင်းမွန်သော ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ဖန်တီးရယူနိုင်မည်ဖြစ်ပါကြောင်း ၂၀၁၅ ခုနှစ်တွင် ကျရောက်မည့် ကမ္ဘာ့စာရင်းအင်းနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



# ဝါကျွတ်မှာလန်းဖို့အတွက် အွန်လိုင်းရှော့ပင်းဈေးကွက်



မကြာခင် ဝါကျွတ်ကာလကိုရောက်တော့မှာဖြစ်တဲ့အတွက် ပွဲလမ်းသွားလာရတော့မယ့် ပျိုမေတို့ လန်းနိုင်ဖို့အတွက် တီးတိုးတိုင်ပင်ရတော့မယ့်အချိန်ကို ရောက်လာပါပြီ။ အခုခေတ်မှာတော့ ပျိုမေတို့ လန်းဖို့အတွက် ခေါင်းစားစရာတွေလည်း များလာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ အွန်လိုင်းရှော့ပင်းတွေလည်း တိုးလာပြီလေ။

အခုခေတ်ကာလမှာ အွန်လိုင်းသုံးစွဲမှုက သိသိသာသာ တိုးတက်လာသလို ဈေးကွက်သမားတွေကလည်း သုံးစွဲလာတဲ့ လူမှုကွန်ယက်စာမျက်နှာတွေပေါ်မှာ ရှော့ပင်းဈေးကွက်တွေ အစီအရီပေါ်လာတော့ ပျိုမေတို့တွေ အကြိုက်တွေ့ရပြီပေါ့။

အွန်လိုင်းဈေးကွက်မှာ ပျိုမေတို့နဲ့ ကိုကိုတွေအတွက် အစုံအလင်ရနိုင်ပါတယ်။ အွန်လိုင်းကနေ ဈေးဝယ်ခြင်းဟာ ပျိုမေတို့အတွက် ဆံဖျားကနေ ခြေဖျားအထိ စဉ်းစားပြီး စိတ်ကြိုက်ဝယ်ယူနိုင်တဲ့ နည်းလမ်းတစ်ခုပါ။

အွန်လိုင်းသုံးစွဲသူ ပျိုမေ မေသူကတော့ “အွန်လိုင်းကနေ ဈေးဝယ်ရတာ ကောင်းပါတယ်။ နောက်ပြီးတော့ ဒီဇိုင်းအဆန်းတွေလည်း မြင်ရတယ်။ ဝယ်ချင်၊ မဝယ်ချင် ကြည့်လိုက်ရတော့ အရသာရှိတယ်။ အချိန်ကုန်လည်း သက်သာတယ်။ ရုံးသမားတွေဆိုအချိန်သိပ်မရတော့ အွန်လိုင်းဝင်လိုက်ရင် ဘာတွေ အသစ်အဆန်း ပေါ်နေသလဲ၊ ဘာတွေ ခေတ်စားနေသလဲဆိုတာတွေ သိရတယ်။

ပစ္စည်းအသစ်အဆန်းတွေလည်း တွေ့ရတယ်။ ဘယ်လိုအသုံးပြုရတယ်ဆိုတာကအစသိရတော့ ခေတ်နဲ့ မျက်ခြည်ပြတ်မသွားတော့ဘူး။ ဈေးနှုန်းတွေလည်းသိရတော့ ချင့်ချိန်ပြီး ဝယ်နိုင်၊ မဝယ်နိုင်ဆုံးဖြတ်လို့ရတယ်။ ကျွန်မတို့အတွက် အွန်လိုင်းရှော့ပင်းကို သဘောကျတယ်”လို့ သူ့ရဲ့ အမြင်ကို ပြောပြပါတယ်။

အွန်လိုင်းရှော့ပင်းတွေ အများစုမှာကတော့ အဝတ်အထည်တွေ၊ အလှပြင်ပစ္စည်း အမျိုးမျိုးတွေ၊ လက်ကိုင်အိတ်တွေကို ရောင်းချတာများလာတာကို တွေ့လာရပါတယ်။

ရန်ကုန်မြို့က ဝန်ထမ်းတစ်ဦးဖြစ်တဲ့ ဒေါ်သဇင်ကတော့ “အစ်မရဲ့ ဖေ့ဘွတ်မှာတော့ အဝတ်အထည် စာမျက်နှာတွေများတယ်။ တော်တော်လေးလည်း ဒီဇိုင်းဆန်းတယ်။ ကြိုက်တဲ့အထည်ကို ဖုန်းလေးဆက်ပြီး ဝယ်ရုံနဲ့ အိမ်အရောက်ပို့ပေးပါတယ်။ အချိန်ကုန်သက်သာသွားတာပေါ့။ အွန်လိုင်းမှာ ဈေးဝယ်ရတော့ တစ်ခါတလေ အခက်အခဲလေးတွေတော့ရှိတာပေါ့။ ဒါပေမယ့် နယ်ကမှာတဲ့သူတွေအတွက်က ကားခတွေ၊ ပို့ခတွေ၊ ငွေလွှဲရတာတွေတော့ အခက်အခဲရှိပါတယ်။ တစ်ခါတလေ အွန်လိုင်းမှာ ဈေးဝယ်သူနဲ့ ရောင်းတဲ့သူတွေ ဖြစ်ပွားနေတဲ့ ပြဿနာတွေလည်း တွေ့ရတယ်။ အစ်မအနေနဲ့ကတော့ ဘာမှအခက်အခဲမရှိသေးပါဘူး”လို့ ပြောပြပါတယ်။

“ကျွန်မက ဆိုင်မဖွင့်နိုင်တော့ အွန်လိုင်းကို အားကိုးပြီး ပုံလေးတွေ တင်ပြီးရောင်းပါတယ်။ ဒါပေမယ့် တချို့သူတွေက မှန်တယ်။ တချို့တွေက မှာပြီးမှ ငွေအခက်အခဲ၊ တခြားအခက်အခဲတွေ ရှိလာတော့ ပွင့်ပွင့်လင်းလင်းမပြောဘူး။ မှာပြီး မယူတာတွေ၊ သွားပို့တော့ပေးထားတဲ့ လိပ်စာတွေမှားတာတွေ တွေ့ရတယ်။ ဒါပေမယ့် ဈေးရောင်းတယ်ဆိုတာ အများနဲ့ ဆက်ဆံရတော့ သည်းခံရတယ်လေ။ အွန်လိုင်းဆိုတော့ သူ့မသိ၊ ကိုယ့်မသိတော့ ပိုဆိုးတယ်။ အပြင်မှာဆိုင်ဖွင့်ရောင်းရင် ဝယ်သူနဲ့ တွေတွေဆိုင်ဆိုင် ရောင်းရတော့ ကြိုက် မကြိုက်၊ ဝယ်မဝယ် ကြည့်ပြီးဆုံးဖြတ်လို့ ရတယ်လေ။ ဒီလိုအခက်အခဲလေးတွေတော့ ရှိပါတယ်။ ကျန်တာက အဆင်ပြေပါတယ်”လို့ အွန်လိုင်းကနေ အထည်ရောင်း သူတစ်ဦးက သူ့ရဲ့ခံစားချက်ကို ပြောပြပါတယ်။

ပျိုမေတို့အတွက် အခုဆို ဝါကျွတ်ကာလကို ဒီဇိုင်း လန်းလန်းလေးနဲ့ ဖြတ်သန်းဖို့ စိတ်ကူးထားရင် အွန်လိုင်းရှော့ပင်း စာမျက်နှာများကိုလည်း ဝင်ကြည့်ပြီး စဉ်းစားလို့ရပါတယ်။ နောက်ပြီး အွန်လိုင်းမှာ ဈေးဝယ်ရင်လည်း ရောင်းသူအခက်အခဲနဲ့ ဝယ်သူတွေရဲ့အခက်အခဲလေးတွေကို မျှမျှတတ မှန်မှန်ကန်ကန် ရောင်းမယ်၊ ဝယ်မယ်ဆိုရင် အချိန်ကုန်သက်သာပြီး အလွန်အဆင်ပြေနိုင်တဲ့ နည်းလမ်းလေးတစ်ခုဖြစ်ပါတယ်။

**(ရှင်မင်းနွယ်၊ မျိုးစန္ဒာမောင်)**

## *supwibbme q,ve*ruZw pwaw;ocsi;aluri ½ucwvcw *,u



ဂျက်စတင်ဘီဘာနှင့် သူ၏ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်တို့ စုံတွဲသီဆိုသော တေးသီချင်းကို အိုင်ဗွီအိုရေဒီယိုမှ အောက်တိုဘာ ၁၈ ရက်က ထုတ်လွှင့်ခဲ့ပြီးနောက် အွန်လိုင်းတွင် ဆက်လက်ပျံ့နှံ့ခဲ့ရာ ယင်းသီချင်းမှာ ဘီဘာ၏ပရိသတ်များအတွက် ပဟေဠိတစ်ခုအလားဖြစ်ခဲ့ရသည်။ သီချင်း၏ အမည်မှာ Strong ဖြစ်ပြီး သီချင်းစာသားများက သူတို့နှစ်ဦး၏ အတိတ်ကို ပြောပြနေသည့်သဘော သက်ရောက်နေသည့်အတွက်လည်း ပရိသတ်များက သူတို့နှစ်ဦး အသစ်တစ်ဖန်ဇာတ်လမ်းပြန်စကြတော့မှာလားဟူသော အတွေးများ ပွားခဲ့ရသည်။

ဘီဘာသီဆိုထားသော စာသားများက “ကိုယ်ဘာလုပ်သင့်သလဲ၊ကိုယ်ထွက်သွားသင့်သလား၊ ဘယ်သူမှမသိခဲ့ပါဘူး” ဖြစ်ပြီး ဆယ်လီနာ၏စာသားများက “ဆိုးရွားတဲ့အရာတွေထဲမှာ ကျန်နေခဲ့တာက တို့အတွက်ပိုကောင်းမှာပါ။ ဘာတစ်ခုမှ ပြောင်းလဲအောင်မလုပ်နိုင်ခဲ့တာလည်း တို့တွေကြာပြီလေ”ဟု ဖြစ်သည်။

သူတို့နှစ်ဦးသည် ယင်းသီချင်းကိုအတူတကွ အသံသွင်းယူခဲ့ခြင်း မဟုတ်ဘဲ သီးခြားစီသွင်းယူခဲ့သော်လည်း သံစဉ်နှင့် စာသားရွေးချယ်မှုတွင်မူ ပါဝင်ဆောင်ရွက်ကြသည်။ သူတို့နှစ်ဦးသည် ယခုထိခိုင်မြဲသည့် ပတ်သက်မှုတစ်ခုကို လိုလားနေဆဲဖြစ်ပြီး ဘီဘာက သူတို့နှစ်ဦးအလုပ်အတူ ပြန်လည်လက်တွဲလုပ်ဆောင်ခြင်းက တင်းမာမှုများကို ပြေလျော့စေမည့် ကုထုံးတစ်ခုဟု ယုံကြည်ထားသည်ဟုလည်း နီးစပ်သူတစ်ဦးကသတင်းပေးခဲ့သည်။

ယင်းသီချင်းနှင့် ပတ်သက်၍ ကာယကံရှင် နှစ်ဦးစလုံးမှ မှတ်ချက်တစ်စုံတစ်ရာ ပေးခဲ့ခြင်းမရှိသော်လည်း ယင်းသီချင်းမှာလာမည့် နိုဝင်ဘာ ၁၃ ရက်တွင် ထွက်ရှိမည့် ဘီဘာ၏ Purpose အယ်လ်ဘမ်သစ်တွင် ပါဝင်လာမည်ဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ဂျက်စတင်ဘီဘာနှင့် ဆယ်လီနာဂိုမက်ဇ်တို့နှစ်ဦးစလုံးအား သူတို့နှစ်ဦး၏ အတိတ်က ပတ်သက်ခဲ့မှုများအပေါ် အင်တာဗျူးပြုလုပ်ကာ ပွင့်ပွင့်လင်းလင်းမေးမြန်းခဲ့သေးသည်။ သို့သော် သီးခြားစီတွေ့ဆုံသည့် အင်တာဗျူးပုံစံမျိုးဖြင့်သာ မေးမြန်းခဲ့ခြင်းဖြစ်သည်။

ထိုအင်တာဗျူးတွင် ဆယ်လီနာက “ကျွန်မကိုလူတွေကမိုက်မဲတယ်လို့ စွပ်စွဲစေဆိုဦးတော့ သူ့ကို ကျွန်မသဘောကျနှစ်သက်ပါတယ်” ဟု ဖြေခဲ့သလို ဂျက်စတင်ဘီဘာကလည်း “ကျွန်တော်တို့ကြားမှာ ဘယ်လိုကိစ္စတွေပဲ ရှိခဲ့ရှိခဲ့ ကျွန်တော်တို့နှစ်ဦးက တစ်ယောက်ကိုတစ်ယောက်ချစ်ခဲ့ကြပါတယ်။ တစ်ယောက်အတွက် တစ်ယောက်က ပေးဆပ်ဖို့ဖြစ်တည်ခဲ့ကြပါတယ်။ ဒီခံစားမှုမျိုးခံစားခဲ့ရတဲ့ အခိုက်အတန့်က ကျွန်တော့်အတွက် မြတ်နိုးစရာကောင်းပါတယ်။ လူတွေက ခင်ဗျားကို စိတ်ပျက်တာဆိုတာရှိမှာပါပဲ။ ဒီလိုပါပဲ။ ချစ်သူရည်းစားတွေကြားမှာလည်း ဒါမျိုး စိတ်ပျက်မှုဆိုတာရှိပါတယ်” ဟု ဖြေကြားခဲ့တာကြောင့်. . . .။

**မေလှဲ့သင်း - စုစည်းသည်**

## ပြည်တွင်းဖျော်ဖြေပွဲများ ပြုလုပ်မည့် အိုင်ယူ

အိုင်ယူသည် သူ၏စတုတ္ထမြောက် တေးအယ်လ်ဘမ်ထွက်ရှိပြီးနောက် ထိုအယ်လ်ဘမ်အတွက် ပြည်တွင်းဖျော်ဖြေပွဲများကို လာမည့်နိုဝင်ဘာလအတွင်း ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပွဲဦးထွက်ဖျော်ဖြေမှုကို လာမည့်နိုဝင်ဘာ ၂၁ နှင့် ၂၂ ရက်တို့တွင် ဆိုးလ်အိုလံပစ်ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ဆက်လက်၍ ဘူဆန်၊ ဒေးဂူးနှင့် ဂွမ်ဂျူးတို့တွင် ဖျော်ဖြေပွဲများဆက်တိုက်ပြုလုပ်သွားမည်ဖြစ်သည်။ အိုင်ယူ၏ ၂၀၁၂ ခုနှစ်က ပထမဆုံးအကြိမ်ပြုလုပ်ခဲ့သော Real Fantasy ဖျော်ဖြေပွဲ ပြီးနောက် အသေအချာပြင်ဆင်ကာ တင်ဆက်မည့် ယခုဖျော်ဖြေပွဲကို ချက်ခ်ရှိုင်းယားဟု အမည်ပေးထားကြောင်းလည်း သိရသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

**၂၀ - ၁၀ -၂၀၁၅ (အင်္ဂါနေ့)**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆:၀၀ အဖွင့် - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ(ကိုမြသိန်း)
- ၆:၅၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မြစိမ်းရောင်သံစဉ်” (အပိုင်း-၅)
- ၈:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၁၇)
- ၈:၄၅ ဟိုးတုန်းကရေဒီယိုအသံလွှင့် ဇာတ်လမ်းများ“ပြည်ထောင်စုရဲ့ ဂီတချစ်သူ” (ဝီလျံထွန်း၊ စောမြတ်နိုး၊ ရိုးရိုး၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
- ၁၀:၀၀ China In Myanmar Cultural Show
- ၁၀:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း “အချစ်ညမှ အချစ်နေ့” (မြင့်မြတ်၊ မေကဗျာ) (ဒါရိုက်တာ-သားကြီး)

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၂၀ ဘုတလင်မြို့ကြောင်ပန်းတောရ “ကျေးဇူးရှင်ပထမဆရာတော် အရှင်ကုန္ဒက၏ တစ်ဘဝ သာသနာထေရုပ္ပတ္တိဖြစ်စဉ်” (အပိုင်း-၁၃)(အောင်စန်းတလီ ကြောင်ပန်းတည်)
- ၆:၄၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆:၅၀ “ကြီးစွာသံဝေဂရယူပါ ကုသိနာရုံမှာ”
- ၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၉:၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၀:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
- ၁၁:၃၅ “မဲပေးကြပါစို့ API” (Talk Show)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “တောင်းတဲ့ဆု” (အပိုင်း-၆)
- ၁:၂၀ Channel 'O' (အပိုင်း-၅)
- ၁:၅၀ ဆိုကြမယ်၊ ပျော်ကြမယ် (ပထမပိုင်း)
- ၄:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၄:၅၀ “ဘောလုံးကစားနည်းရဲ့အခြေခံ နည်းစနစ်များ” (အလယ်တန်း) (ပထမပိုင်း)
- ၅:၁၅ “နိုင်ငံစီးပွားအကျိုးများ ပန်းလှိုင်မြစ်ကို အလေးထား”
- ၆:၅၀ “မန္တလေးမှ မြစ်ကြီးနားသို့”
- ၇:၃၅ Channel "O" (အပိုင်း-၆) (ဇာတ်သိမ်း)
- ၈:၃၅ ဆန္ဒတူညီမဲပေးကြမည်
- ၈:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ “တောင်းတဲ့ဆု” (အပိုင်း-၇)

### မြဝတီ

- ၆:၀၃ တရားတော်
- ၆:၁၅ မေတ္တာပို့
- ၆:၂၀ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆:၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇:၁၀ အမျိုးသားရေးတေးကဗျာ
- ၇:၂၅ သင့်အတွက်တစ်နေ့တာ
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၀၄ အမျိုးသားရေးတေးကဗျာ
- ၈:၁၀ စိုက်ပျိုးသုတ
- ၈:၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈:၃၅ ခရီးလည်းသွားစကားလည်းဆို
- ၈:၄၅ မြဝတီနေ့စဉ်သတင်း
- ၉:၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
- ၄:၀၈ တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
- ၄:၁၅ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ မျိုးချစ်တပ်မတော်
- ၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ အင်္ဂလိပ်စာသုတ
- ၄:၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၆၅)
- ၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၀၅ အမျိုးသားရေးတေးကဗျာ
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂျောင်းဒိုဂွန်း အပိုင်း(၃၉) မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ဟာသရုပ်စုံ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ခနတံတိုင်းရဲ့ တစ်ဖက်တစ်ချက် အပိုင်း(၂၄)

### MRTV - 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ်
- ၅:၄၀ “လျှုတယ်ဆိုတာ ရလိုက်တာပါ” တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၈:၀၀ Cartoon Series (English Playground)
- ၈:၃၅ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
- ၁၀:၀၅ ခေတ်သစ်ပျိုမေ
- ၁၀:၅၅ သွားမယ်စားမယ် (i Hot Pot)
- ၁၁:၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၄) (ဒုတိယပိုင်း)
- ၁၁:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း” (အပိုင်း-၇၅)
- ၁၂:၃၀ မြန်မာစာ မြန်မာစကား
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
- ၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၈၈)
- ၄:၀၅ Cartoon Series (English Playground)
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၈၉)
- ၈:၂၀ ရသစုံညွန့်တမ်းများ
- ၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၁၀)
- ၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၇၆)
- ၉:၅၀ အနုပညာမိုးကောင်းကင်
- ၁၀:၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၅၅ MRTV-4 Stage
- ၁၁:၂၀ World of Knowledge (Banged Up Abroad Daredevil Drug Runner)
- ၄:၄၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ [အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ရှေးဟောင်းရုပ်ပွားတော်များ အကြောင်း](အပိုင်း-၁)




## ရွှန်းနီမှာ အင်္ဂလန်၏ အကောင်းဆုံးကစားသမားဟုဆို

အင်္ဂလန်ဘောလုံးလောကတွင် တိုက်စစ်မှူး ရွှန်းနီထက် ကောင်းသည့် ကစားသမားရှိမည်မထင်ကြောင်း တိုက်စစ်မှူး ရွှန်းနီနှင့် မန်ယူကစားဖော်ဖြစ်သူ ဟာရဲရားက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ မန်ယူ တိုက်စစ်မှူး ရွှန်းနီသည် အဲဗာတန်အသင်းအား မန်ယူအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း မန်ယူအသင်းအတွက် တစ်ဂိုး သွင်းယူပေးခဲ့သည်။

"ရွှန်းနီက ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ပါ။ သူဟာ အင်္ဂလန်ဘောလုံး သမိုင်းမှာ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်တဲ့အပြင် မန်ယူအသင်းမှာ ရွှန်းနီရှိနေခြင်းဟာ ကံကောင်းခြင်းလက်ဆောင်တစ်ခုပါပဲ"ဟု အသက်(၂၆) နှစ် အရွယ်ရှိ ဟာရဲရားက ပြောကြားခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ရွှန်းနီ၏ ပရော်ဖက်ရှင်နယ်ကျပြီး ခေါင်းဆောင်မှု အပိုင်းကောင်းမွန်ခြင်းကိုလည်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ထုတ်ဖော် ချီးကျူးခဲ့သည်။ တိုက်စစ်မှူးရွှန်းနီ၏ ကစားပုံနှင့်ပတ်သက်၍ ယခုနှစ် ဘောလုံး ရာသီတွင် မေးခွန်းထုတ်ခဲ့မှုများရှိနေခဲ့သော်လည်း အဲဗာတန်အသင်းနှင့်ပွဲစဉ် တွင် သွင်းယူခဲ့သည့် တစ်ဂိုး အပါအဝင် ကလပ်အသင်းနှင့် နိုင်ငံအသင်း အတွက် သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

တိုက်စစ်မှူး ရွှန်းနီသည် မန်ယူအသင်းတွင် အခြားသော ကစားဖော်များ ကို နည်းပေးလမ်းပြလုပ်ရာ၌ ကောင်းစွာဦးဆောင်နိုင်ကြောင်းနှင့် ကစားသမား တိုင်းအတွက်လည်း အတုယူလောက်သည့် တိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ပြောကြားခဲ့သည်။

မန်ယူအသင်းသည် အောက်တိုဘာ ၂၂ ရက်တွင် CSKA မော်စကို အသင်းနှင့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ပြီး နောက်လေးရက်အကြာတွင် မြို့ခံပြိုင်ဘက်မန်စီးတီးအသင်းနှင့် ပရီမီယာလိဂ် ပွဲစဉ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

## Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစား အဆင့် အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက် လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် **Myanmar Wave Rider Cup & KTA Race Open 2015** ပြိုင်ပွဲအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ ပင်လယ်ပြင်ရွက်လှေအားကစား လှေကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/အဖွဲ့အစည်းရှစ်ခု၏ ပံ့ပိုးကူညီမှု(Sponsor) ဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)




## ရှန်ဟိုင်းမာစတာဖလား ဂျိုကိုဗစ်ချ် ဆွတ်ခူး

ရှန်ဟိုင်းမာစတာဖလား ဗိုလ်လုပွဲ ပွဲစဉ်၌ ကမ္ဘာ့အဆင့်(၁) တင်းနစ် ကစားသမား နိုဗက်ဂျိုကိုဗစ်ချ်က ပြင်သစ်ကစားသမား ဆွန်ဂါအား အနိုင်ကစားကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ဂျိုကိုဗစ်ချ်သည် ဆွန်ဂါအား ပွဲချိန် ၇၈မိနစ်အတွင်း ၆-၂၊၆-၄ဖြင့် နှစ်ပွဲပြတ်အနိုင်ကစားကာ ချန်ပီယံဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆွန်ဂါ အတွက် ဂျိုကိုဗစ်ချ်မှာ အင်မတန် ကောင်းမွန်နေသည့် ပြိုင်ဘက်ဖြစ်ခဲ့ပြီး လက်ရည်ကွာဟမှုကြောင့် ပွဲစဉ်မှာ တစ်ဖက်သတ်ဆန်နေခဲ့သည်။



ယင်းဆုဖလားမှာ ဂျိုကိုဗစ်ချ် အတွက် ၂၀၁၅ အတွင်း ဆွတ်ခူးခဲ့သော နဝမမြောက်ချန်ပီယံဆုဖလား ဖြစ်ခဲ့ကာ ဂရင်းစလင်းဖလားလေးလုံး တွင်လည်း သုံးကြိမ်တိုင် ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ အခုရရှိသော မာစတာစီးရီး ချန်ပီယံဖလား ကြောင့် ဂျိုကိုဗစ်ချ်မှာ ဆွစ်တင်းနစ် အကျော်အမော် ဖက်ဒဲရာထက် မာစတာစီးရီး ချန်ပီယံဖြစ်သည့် အကြိမ်ရေ တစ်ကြိမ်သာသွားခဲ့ပြီး မာစတာ စီးရီးဖလားချန်ပီယံ စံချိန်ရှင် ရာဖေးလ်နာဒယ်လ်ထက်မူ နှစ်ကြိမ်ခန့် လျော့နည်းနေဆဲဖြစ်သည်။

ဆွန်ဂါသည် အကြိုဗိုလ်လုပွဲတွင် နာဒယ်လ်အားအနိုင်ကစားကာ ဗိုလ်လုပွဲသို့တက်ရောက်လာခဲ့ခြင်းဖြစ်ပြီး ဂျိုကိုဗစ်ချ်ကမူ အကြိုဗိုလ်လုပွဲတွင် အန်ဒီမာရေးအား အနိုင်ကစားလာခဲ့ခြင်းဖြစ်သည်။ ဆွန်ဂါသည် စပေး ဘောရိုက်ချက်များဖြင့် ဂျိုကိုဗစ်ချ်အား အလစ်အငိုက်ကစားကာအမှတ် ရယူရန် ကြိုးပမ်းခဲ့သော်လည်း အတွေ့အကြုံ ရင့်ကျက်နေသည့် ဂျိုကိုဗစ်ချ်၏တန်ပြန်ရိုက်ချက်များ ကြောင့် အခက်ကြုံခဲ့ရကာ စောစော စီးစီးပင် ပွဲပြတ်ခဲ့ရခြင်းဖြစ်သည်။ ရှန်ဟိုင်းမာစတာဖလားတွင် လက်ရှိ ချန်ပီယံ ရိုဂျာဖက်ဒဲရာမှာ ပထမ အဆင့်ပွဲစဉ်မှာပင် မထင်မှတ်ဘဲ အရေးနိမ့်ကာ ပြိုင်ပွဲကိုနှုတ်ဆက်ခဲ့ရ သည်။

**မေလှဲ့သင်း**

## ဘိုင်ယန်ကို တိုက်စစ်ဆင်ကစားမည့် အာဆင်နယ်



အာဆင်နယ်နည်းပြ ဝင်းဂါးက အာဆင်နယ်အနေဖြင့် ဘိုင်ယန်အား ရင်ဆိုင်ရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် တိုက်စစ်ဦးစားပေးကစားဟန်ဖြင့်သာ ဧည့်ခံကစားသွားမည်ဖြစ်ကြောင်း အာဆင်နယ်ပရိသတ်များအား ကတိပေးစကားပြောကြားခဲ့သည်။ အာဆင်နယ်သည် ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ပြီးသည်အထိ ရမှတ်တစ်မှတ်မျှမရရှိသေးဘဲ (၁၆)သင်းအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်ရန် အလားအလာနည်းနေပြီဖြစ်သော်လည်း ဝင်းဂါးကမူ အာဆင်နယ်အနေဖြင့်ရှုံးထွက်အဆင့်သို့သေချာပေါက် တက်ရောက်နိုင်မည်ဟု ယုံကြည်ထားသည်။

အာဆင်နယ်သည် ၁၉၉၈ - ၉၉ ဘောလုံးရာသီကလည်း ချန်ပီယံလိဂ်အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရသော အစဉ်အလာလည်းရှိရာ အားကစားကျွမ်းကျင်သူများကမူ အာဆင်နယ်အနေဖြင့် ယခုနှစ် ချန်ပီယံလိဂ်၌ စောစောစီးစီး အောင်ဖျာလိပ်ကိန်းဆိုက်ရောက်နိုင်သည်ဟု မှတ်ချက်ပြုထားသည်။ ဝင်းဂါးကမူ အာဆင်နယ်အနေဖြင့် မကြာသေးခင်ကာလကပင် အကောင်းဆုံးပုံစံပြန်ရလာပြီး နိုင်ပွဲဆက်နေသောအနေအထားကြောင့် ဘိုင်ယန်ကို အိမ်ကွင်းတွင်ရင်ဆိုင်ရချိန်၌ ရမှတ်ပြည့်ရယူရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုလိုက်သည်။

ဘိုင်ယန်အသင်းသည် ယှဉ်ပြိုင်ကစားခဲ့သည် ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲလုံးတွင် ရာနှုန်းပြည့်နိုင်ပွဲရယူကာ အုပ်စုဗိုလ်အနေအထားဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် အလားအလာများနေသလို ဘွန်ဒက်စ်လီဂါတွင်လည်း အမှတ်ဇယားထိပ်ဆုံးတွင် ရပ်တည်နေသော အသင်းဖြစ်သည်။ အာဆင်နယ်နှင့် ဘိုင်ယန်တို့သည် ချန်ပီယံလိဂ်တွင်မကြာခဏတွေ့ဆုံခဲ့ဖူးပြီး သူတစ်ပြန်ကိုယ်တစ်ပြန် အနိုင်ရရှိအောင်ကစားနိုင်ခဲ့သည်ကိုလည်း မှတ်တမ်းများအရ တွေ့ရှိရသည်။

ဝင်းဂါးက ဘိုင်ယန်ကိုအနိုင်ကစားနိုင်ရန်အတွက် ပြိုင်ဘက်အသင်းမှာ ထိပ်တန်းစွမ်းဆောင်ရည်ရှိမှသာ ဖြစ်နိုင်မည်ဖြစ်ပြီး ချန်ပီယံလိဂ်မှာ ပရီမီယာလိဂ်နှင့်သဘော သဘာဝအားဖြင့် ခြားနားမှုရှိသည်ဟု ၎င်းအနေဖြင့် သိရှိထားကြောင်း ဆိုလိုက်သည်။

"ဘိုင်ယန်က တကယ်အင်အားကြီးတဲ့ ပြိုင်ဘက်ဖြစ်ပြီး သူတို့ကိုရင်ဆိုင်ဖို့ဆိုရင် ထိပ်တန်းစွမ်းဆောင်ရည်ရှိဖို့လိုအပ်ပါတယ်။ အသင်းရဲ့ လက်ရှိအနေအထားတစ်ခုလုံးကိုပြောင်းလဲဖို့ဆိုတာ မဖြစ်နိုင်ပေမယ့် ကစားသမားတစ်ယောက်၊နှစ်ယောက်ကိုတော့အပြောင်းအလဲလုပ်ပြီး ကစားခိုင်းရမှာပါ။ ဒါကိုလည်း အခုထိရှင်းရှင်းလင်းလင်း ဆုံးဖြတ်ချက်မချရသေးပါဘူး။ အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့ကိုလည်း ကျွန်တော်နားခိုင်းရင် နားခိုင်းနိုင်ပါတယ်" ဟု ဝင်းဂါးကဆိုခဲ့သည်။

အာဆင်နယ်သည် အုပ်စုတွင်းအင်အားအကြီးမားဆုံးပြိုင်ဘက် ဘိုင်ယန်အားရင်မဆိုင်ရသေးသော်လည်း ဒိုင်နမိုဇာဂရက်နှင့် အိုလံပီယာကော့စ်နှစ်သင်းစလုံးအား ရှုံးနိမ့်ခဲ့ကာ ရမှတ်မဲ့အနေအထားဖြင့် အမှတ်ပေးဇယား အောက်ဆုံးတွင်ရပ်တည်နေသည်။

**မေလှဲ့သင်း**

**အောက်တိုဘာ ၂၁ ရက်(ဗုဒ္ဓဟူးနေ့) ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်များ**

| | | | |
|---|---|---|---|
| ဘိုရီဆော့ဗ် | - | ဘာစီလိုနာ | နံနက်-၁း၁၅ |
| လေဗာကူဆင် | - | ရိုးမား | နံနက်-၁း၁၅ |
| အာဆင်နယ် | - | ဘိုင်ယန်မြူးနစ် | နံနက်-၁း၁၅ |
| ဒိုင်နမိုဇာဂရက် | - | အိုလံပီယာကော့စ် | နံနက်-၁း၁၅ |
| ပေါ်တို | - | တဲလ်အဗစ် | နံနက်-၁း၁၅ |
| ဒိုင်နမိုကိဗ် | - | ချယ်လ်ဆီး | နံနက်-၁း၁၅ |
| ဇင်းနစ် | - | လိုင်ယွန် | နံနက်-၁း၁၅ |
| ဗလင်စီယာ | - | ဂျန့်စ် | နံနက်-၁း၁၅ |

**အောက်တိုဘာ ၁၉ ရက်နေ့ ယှဉ်ပြိုင်သည့် အနိုင်/အရှုံးရလဒ်များ**

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ်(၉)** | | | | |
| နယူးကာဆယ် | ၆ | - | ၂ | နော့ဝှစ်ချ် |
| **လာလီဂါ ပွဲစဉ် (၈)** | | | | |
| ဂီတာဖေး | ၄ | - | ၀ | လက်စ်ပဲမက်စ် |
| ဒီပို့တီဗို | ၂ | - | ၂ | ဘီဘာအို |
| **စီးရီးအေ ပွဲစဉ် (၈)** | | | | |
| အင်တာမီလန် | ၀ | - | ၀ | ဂျူဗင်တပ် |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၈)** | | | | |
| စတုဂတ် | ၁ | - | ၀ | အင်ဂေါ့စတက် |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | | | |
| ဘော်ဒိုး | ၀ | - | ၀ | မောင့်ပယ်လီယာ |
| ရင်းနက် | ၁ | - | ၄ | နိုက်စ် |

**မောင်မောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ဒေါ်မြခက်သည် ခေတ္တကြောင်သွားပြီးမှ အင်္ကျီအိတ်တွင်းမှ ငွေတစ်မတ်ထုတ်ပေးသည်။ သက်ခိုင်က ငွေတစ်မတ်ကိုယူပြီး မလေးနွယ်၏ လက်တွင်းသို့ ထည့်ပေးလိုက်၏။

သက်ခိုင်က ပြုံးလိုက်ပြီး ဆက်ပြော၏။

"ဒေါ်ကြီးခက်ခက်ပေးတဲ့ ရေနံ့သာတွင်းနဲ့ ငွေငါးသောင်းကို အစ်ကိုဘမြိုင်နဲ့ မမနွယ်ကို ကျွန်တော်ပြန်လက်ဖွဲ့ ပါတယ်။ နဝရတ်ရောင်စုံစာရင်းမှာလည်း ကျွန်တော့်နာမည်ကို မထည့်ကြပါနဲ့။ ကျွန်တော့်နာမည်က သက်ခိုင်ပါ။ ကျွန်တော့်အဖေနာမည်က သခင်စိုးခိုင်ပါ။ ဦးမျိုးညွန့်က စပြီး သခင်ဖိုးလှကြီး၊ သခင် ခင်ဇော်၊ သခင်သိန်းမောင်ကြီး၊ သခင်စိုးခိုင် . . . စသည်တို့ဟာ ရေနံ့သာမြေရဲ့ သမိုင်းမှာ သူတို့စာရင်းနဲ့သူတို့ ရှိကြပြီးပါ။ အဲဒီစာရင်းမှာသာ ကျွန်တော့်နာမည် ပါလိုပါတယ်။ နဝရတ်ရောင်စုံကျမ်းနဲ့တော့ သခင်စိုးခိုင်ရဲ့သားအမည်ဟာ သိပ်မဟပ်လှပါဘူး"

အားလုံး မှင်တက်မိ အံ့အားသင့်နေခိုက် သက်ခိုင်သည် မလေးနွယ်ထံ သွား၏။

"မမနွယ် . . . မောင့်ကို ငွေတစ်မတ် ပေးပါ"

စိတ်ညို့ခံထားရသူပမာ မလေးနွယ်သည် သက်ခိုင်၏ လက်တွင်းသို့ ငွေတစ်မတ် ထည့်ပေး၏။

သက်ခိုင်က ငွေတစ်မတ်ကို ဆုပ်ယူလိုက်ပြီး အားလုံးကို နှုတ်ဆက်သည်။

"ကျွန်တော် ပြန်ပါဦးမယ်။ ဩော် . . . အစ်ကိုဘမြိုင်နဲ့ မမနွယ် . . . ကျွန်တော် သွားတော့မယ်"

သက်ခိုင်သည် အခန်းတွင်းမှ ချာခနဲ လှည့်ထွက်ခဲ့၏။

ငိုင်ကြည့်နေရာမှ သတိဝင်ပြီး မလေးနွယ်က ပြေးလိုက်သည်။

မောင်နှင့် အစ်မသည် ခြံဝ၌ တွေ့ကြ၏။

မလေးနွယ်က သက်ခိုင်၏ လက်မောင်းကို ဆွဲပြီး မေးသည်။

"မောင် . . . ဒါ ဘာလုပ်တာလဲ။ မမနွယ်ကို ရင်ကွဲသေအောင် သတ်သွားတာလား ဟင် . . ."

သက်ခိုင်သည် ဝါဝင်းတင့်ရှန်းလှသော မလေးနွယ်၏ မျက်နှာကလေးကို ငုံ့ကြည့်သည်။ ခွေခွေနွယ်နွယ် လှပသည့် ဆံပင်များကို ယုယစွာ ပွတ်သပ်မိ၏။ ချော့မော့စွာလည်း ပြောမိသည်။

"ပုထုဇဉ်လူသားဆိုတာဟာ အမှားကိုပြုလွယ်သတဲ့ . . . မမနွယ် မောင့်ဖေဖေနဲ့ မောင့်မေမေရဲ့ အမှားဒဏ်ကို မမနွယ်နဲ့ မောင်အထိ လာခံနေကြရတယ်။ ဒီလိုဆိုလို့ ဖေဖေနဲ့မေမေကို မောင်အပြစ်မတင်ပါဘူး။ သမုဒယဆိုတဲ့ တရားကိုသာ အပြစ်တင်မိတယ်။ ငိုမနေပါနဲ့ မမနွယ် . . . မောင့်စကားကိုသာ နားထောင်စမ်းပါ"

မလေးနွယ်ကမူ သူ့ရင်ခွင်တွင် မျက်နှာအပ်ကာ ချုံးပွဲချငိုကြွေးနေ၏။ သူကလည်း မျက်ရည်ပေါက်ပေါက်ကျရင်း ဆက်ပြောသည်။

"အမှားကို ပြုမိမယ် ကြံပေမယ့် အမှန်ကို သတိမလစ်ရဘူးတဲ့ မမနွယ်။ မမနွယ်လည်း ဘယ်တုန်းကမှ သတိမလစ်ခဲ့ပါဘူး။ အခုမှ မောင်ဆိုတော့မယ်။ ပင်းချောင်းတုန်းက မမနွယ်ပြောခဲ့တဲ့ အာဒံနဲ့ဧဝ မောင်နှမရဲ့ ဇာတ်လမ်းလေ။ မစားအပ်တဲ့သစ်သီးကို သူတို့ စားခဲ့ကြတယ်။ မောင်နဲ့မမနွယ်ကတော့ ဒီသစ်သီးကို ဘယ်တုန်းကမှ မစားခဲ့ကြပါဘူး။ အဲဒါကို မောင်နဲ့ မမနွယ်သာ အသိဆုံးပါ"

မလေးနွယ်သည် ငိုရင်း ရှိုက်ရင်းက ခေါင်းညိတ်ပြရှာ၏။

"မိန်းမသားဆိုတာ ကရုဏာကြီးမှန်း မောင်သိပါပြီ မမနွယ်။ မှားတတ်သူက မောင်တို့ ယောကျ်ားတွေပါ။ အမှန်ကို ဝန်ခံရရင် မမနွယ် ဖြူစင်သမျှ မောင့်ရဲ့ အတွင်းစိတ်က မှားခဲ့မိတယ်။ ဒီအမှားရဲ့ ဒဏ်ကိုလည်း ဘဝတစ်လျှောက် မောင်ခံရဦးမှာပဲ။ ဒီဒဏ်ကို မောင်ကောင်းကောင်းခံယူပါ့မယ်။ မိုးနတ်ဒေဝီကို မောင် တောင်းပန်ခဲ့သလို မမနွယ်ကိုလည်း မောင် တောင်းပန်ပါတယ်။ ပြုပြုသမျှ အနုသယကစခဲ့တဲ့ သမုဒယဆိုတဲ့ မောင့်ရဲ့အမှားလို့ပဲ . . . မောင်ရဲ့ အမှားတွေပါပဲ မမနွယ်။ ကဲ . . . ဟိုမှာ အစ်ကိုဘမြိုင် လိုက်လာပြီ"

ကိုဘမြိုင်သည် စိတ်မချမ်းသာသော မျက်နှာနှင့် သက်ခိုင်တို့အနီးသို့ ရောက်လာ၏။

သက်ခိုင်က မလေးနွယ်၏ လက်ကလေးကို ဆွဲကာ ကိုဘမြိုင်ကို အပ်၏။

သူသည် ဘာမျှ မရှင်းတော့ဘဲ ခြံဝမှ ထွက်ခွာလာခဲ့သည်။

ပြည်လမ်းပေါ်ရောက်မှ လက်တွင်းက ငွေတစ်မတ်ကို ပြန်ကြည့်မိသည်။

ဝမ်းနည်းစွာလည်း မျက်ရည်တစ်ပေါက် ကျမိ၏။ မျက်ရည်တစ်ပေါက် ကျမိပါ၏။

ရဲတံခွန်ကားကြီးသည် မန္တလေးတက္ကသိုလ်နယ်မြေအတွင်းသို့ ဝင်လာကာ ကထိကများနေသည့် နှစ်ထပ်တိုက်များရှေ့တွင် ရပ်လိုက်၏။

ကထိကဦးသက်ခိုင်ကလည်း ထိုအခါကျမှ အတိတ်ဆီ ပြန်ဆန်နေသော စိတ်ကူးမှ နိုးလာ၏။

စပယ်ယာက မေးသည်။

"ဆရာ . . . ဘယ်တိုက်ရှေ့ ရပ်ပေးရမှာလဲ"

"အဲ . . . အင်း . . . ဟို အရှေ့ဘက်ဆုံးတိုက်ကွယ်"

ဦးသက်ခိုင် ကားပေါ်မှ ဆင်းလာသောအခါ တမာပင်တို့က ရွှေရောင်ရွက်ဝါများ ကြွေပြလျက် နှုတ်ဆက်နေလေသတည်း။

**အခန်း-၃၂**

**တက္ကသိုလ်တောင်ပြုံးပွဲ**

ရန်ကုန်တက္ကသိုလ်သည် ကံ့ကော်တောနှင့် တစ်ဂုဏ်တင့်သကဲ့သို့ မန္တလေးတက္ကသိုလ်သည်လည်း အညာဆန်သော ထနောင်းနှင့် တမာတို့ကြောင့် သူ့နည်းနှင့်သူ လှသည်။

ပင်တကာတို့ ရွက်ကြွေချိန်၌ သစ္စာရှိသော ထနောင်းသည် မြရည်လိမ်းလျက် အေးချမ်းသော မေတ္တာရိပ်ဆာယာသို့ သာသာကြည်ကြည် ပေးသည်။ ထိုအခါမျိုးတွင် ထနောင်း၏ ရောင်းရင်း ချစ်ဆွေတမာသည် ရွက်ဝါရွှေရွှေတို့နှင့် မြေကို တန်ဆာဆင်လှပစေ၏။

ကထိက ဦးသက်ခိုင်၏ အိမ်အပေါ်ထပ် ပြတင်းမှ မျှော်ကြည့်လျှင် အရှေ့ဘက် အဝေးဆီ၌ ပြာပြာဝေမှောင်သော ရှမ်းရိုးမတောင်မင်းကို အစဉ်တွေ့ရသည်။ ဆည်ရေ သောက်ရသဖြင့် ဆယ့်နှစ်ရာသီ စိမ်းလန်းသော လွင်ပြင်တွင် ထန်းတောစုစုသည် ပန်းချီအနုပညာလက်ရာပမာ နွဲ့နွဲ့ယဉ်ယဉ် ရပ်တည်ရှင်သန်နေ၏။

ကိုသက်ခိုင်က သူ့အိမ်ကို "ထနောင်းရိပ်သာ"ဟု ကဗျာဆန်ဆန် နာမည်တပ်ထားသည်။

အမှန်လည်း သူ့ဂေဟာသည် ထနောင်းရိပ်သာပမာ မေတ္တာဓာတ်နှင့် အေးမြချမ်းသာသည်။

အိမ်ကို မေမေသက်သက်က ဦးစီးအုပ်ချုပ်သည်။ ဦးလေးစိုးမြိုင်၏ ဇနီး ဒေါ်ဒေါ်စန္ဒာက ကူညီသည်။ ပင်စင်ယူခဲ့ပြီဖြစ်သော ဦးလေးစိုးမြိုင်သည် သူချစ်မြတ်နိုးသော ပျို့ ကဗျာများကို ဖတ်လိုက် . . . ပတ္တလား ခေါက်လိုက်နှင့် ငြိမ်းချမ်းစွာ အနားယူနေ၏။

မေမေသက်သက်သည် 'မူအရ"အိမ်၌ အစေခံမထား။ တစ်သက်လုံးမုန့်ဟင်းခါး ရောင်းလာခဲ့သည့် ဘဝကို မမေ့။ ဘေးမဲချောင်းဘေး၌ ရုန်းကန်ခဲ့ရသည့် ဘဝနှင့်စာလျှင် ကထိက မိခင်အဖြစ် အိမ်ထောင်ဦးစီးခြင်း တာဝန်မှာ မေမေ သက်သက်အတွက် ဘာမျှ မပြောပလောက်။

သက်ခိုင်၏ မိတ်ဆွေ လူပျိုကြီး ကထိကများဖြစ်ကြသော ကိုခင်ဦးလှိုင်၊ ကိုဘကြည့်၊ ကိုဒီ စသူတို့က ချန်မာရီ၌ ဟင်းမကောင်း၍ အိမ်လာလျှင် မေမေသက်သက်သည် မမောတမ်း ဟင်းကောင်း ချက်ကျွေးလေ့ရှိသည်။

အိမ်၌ မေမေသက်သက်၏ မွေးစားသား သုံးကောင်လည်း ရှိသေးသည်။ အာသာ၊ တောင်မီ၊ ပါငယ် ဟူသော ကိုသက်ခိုင်၏ တပည့် သုံးခါကျ ကျောင်းသားများ ဖြစ်ကြ၏။

ညချမ်းအချိန်ဆိုလျှင် မေမေသက်သက်၏ ကြေးစည်သံနှင့်ဘုရားရှိခိုးသံသည် မှန်မှန်ထွက်ပေါ်လာ၏။ မေမေသက်သက် ဘုရားရှိခိုးသံ ရပ်လျှင် ဦးလေးစိုးမြိုင်၏ ပတ္တလားသံနှင့် ကိုသက်ခိုင်၏ တယောသံ ပေါ်လာသည်။ အာသာ၊ ပါငယ်၊ တော်မီတို့က သီချင်းဆိုကြသည်။

ချမ်းမြဝေစည်သော ထနောင်းရိပ်သာ အမှန်ဖြစ်ပါ၏။

တမာတို့ ပုရစ်နုဝေအပြီး မြရောင်လွင်သော ၁၉၆၁ ခုနှစ် ဇွန်လတွင် ပညာနှစ်အစမို့ မန္တလေးတက္ကသိုလ်နယ်မြေသည် စည်ကားနေ၏။

တပ်ဦးဟောင်း၊ အင်အား၊ တပ်ဦးသစ်၊ ရဲခေါင်ဟုခေါ်သော ကျောင်းသား ကျောင်းသူ အသစ်များကို အပြိုင်အဆိုင် ကြိုဆိုသိမ်းသွင်း စည်းရုံးနေကြ၏။

တပ်ဦးဟောင်းကား လက်ရှိသမဂ္ဂ အာဏာရတန်ဖိုးကြီးအဖွဲ့တည်း။ တပ်ဦးဟောင်းကို တောတွင်း အလံဖြူကွန်မြူနစ် ပါတီနှင့် မြို့ပေါ်ရှိ ပ-မ-ည-တ ကကြိုးကိုင်သည်။ တပ်ဦးသစ်ကား သူတို့ကိုယ်သူတို့ အလံနီများဟု ပြောင်ဝန်ခံသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

### တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးစာချုပ် သဘောတူလက်မှတ်ရေးထိုးနိုင်ခြင်းအပေါ် ဝမ်းမြောက်ကြိုဆိုခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၅)ရက်နေ့တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် Hornbill အရပ်ဘက်လူမှုအဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံသူ/သားအားလုံးနှင့် ထပ်တူထပ်မျှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အဆိုပါသဘောတူစာချုပ်တွင် ဆောလျင်စွာ ပါဝင်လက်မှတ်ရေးထိုးကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

Hornbill အရပ်ဘက်လူမှုအဖွဲ့အစည်း

## Trumpet Travels

| | | |
|---|---|---|
| ငွေဆောင် (၂ ည ၃ ရက်) | 23 Oct | 65000/- |
| ကျိုက်ထော်ရေတံခွန် | 7 Nov | 35000/- |
| ပြည်အကောက်တောင် (ဘုရားစုံ) | 14 Nov | 35000/- |
| ဇင်းကျိုက်ရေတံခွန် | 21 Nov | 35000/- |

ဝန်ဆောင်မှုများ
ရေသန့်ဘူး၊ စနိုးတာဝါ၊ VIP Air Con Car၊ ညလယ် စာ၊ မနက်စာ၊ နေ့လယ်စာ။

Ph : 01 536975, 01 532238, 09 43089536၊ ၈ ဦးလျှင် ၁ ဦးအခမဲ့

FORWARD
(၃ ည ၄ ရက်)
30.10.2015
135000
Ph : 09259259180 . 09259259182 . 095089800

Travel Palace
Oct 27th, 30th
Hotelတည်း၊ Restaurantကျွေး

အောင်သိန်း 7 တရားရေးအရာရှိများ

LMA TMR 006583 (0115)
လွင်မြင့်အောင်
အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်
အကျိုးအာနိသင်
- အသားအရေတောင်းရေးလှပစေခြင်း။
- အရေအကြောင်းများလျော့ပါးစေခြင်း။
- အနာကျက်မြန်စေခြင်း။
- သွေးလည်ပတ်မှုအားကောင်းစေခြင်း။
- သွေးကြောများကြံ့ခိုင်မှုကို ကူညီထိန်းသိမ်းပေးခြင်း။
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း။
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း။
- လန်းဆန်းခွန်အားဖြစ်စေခြင်း။
- ဆီးရွှင်ခြင်း။

မြင်းခွာရွက်တခြောက်၊ မြင်းခွာရွက်တဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ဖြူစင်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီ(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၃၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

# ကျွန်းလှ သီတဂူစကျွဒါနဆေးရုံ၌ ဝေဒနာရှင်များအား ခွဲစိတ်ကုသပေးမှုစတင်

**ကျွန်းလှ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သီတဂူစကျွဒါနဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၁၇ ရက်မှစ၍ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ယင်း ဆေးရုံကြီးတွင် သီတဂူ မျက်စိအထူးကုအဖွဲ့က အောက်တိုဘာ ၁၅ ရက်မှစ၍ အောက်တိုဘာ ၁၈ ရက်အထိ မျက်စိဝေဒနာရှင် ၈၇၄ ဦးတို့ကို ကြိုတင်စမ်းသပ်မှုများဆောင်ရွက်ခဲ့သည်။

ခွဲစိတ်ရန်လိုအပ်သော ဝေဒနာရှင်များအား မျက်စိဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြအောင် ဦးဆောင်သော သီတဂူမျက်စိအထူးကုအဖွဲ့က အောက်တိုဘာ ၁၇ ရက်တွင် မျက်စိဝေဒနာရှင် အသေးစားခွဲစိတ်မှု သုံးဦး၊အကြီးစား ခွဲစိတ်မှု ၅၇ ဦး စုစုပေါင်း ၆၀ တို့အား ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရုံမျက်စိစမ်းသပ်ခွဲစိတ်ပေးရာသို့ ရွှေဘိုခရိုင် စီမံခန့်ခွဲမှု ကော်မတီဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်တို့က လမ်းညွှန်ကြီးကြပ်ပြီး ရပ်မိရပ်ဖများ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ လူမှုကူညီရေးအသင်းနှင့် ဒေသခံပြည်သူတို့က လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မတ္တရာမြို့နယ် သပြေပင်ကုန်းကျေးရွာတွင် မြေငှားဂရန်ပေးအပ်

**မတ္တရာ အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာအုပ်စု သပြေပင်ကုန်းကျေးရွာမှ ကျေးရွာနေပြည်သူများအား မြေငှားဂရန်များ ထုတ်ပေးသည့် အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ ဓမ္မာရုံတွင်ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးကိုယ်စား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူးက ကျေးရွာနေပြည်သူများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သပြေပင်ကုန်းကျေးရွာမှ မြေငှားဂရန်လျှောက်ထားသူ ၇၅ ဦး၏ မြေဧရိယာ ၁၃ ဒသမ ၄၁ ဧကအတွက် ကျေးရွာမြေဂရန်မြေငှားစာချုပ် ၈၄ ခုအား မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်း၊ မတ္တရာမြို့နယ် မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

■

# ဝက်လက်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးပညာပေးဆွေးနွေး

**ဝက်လက် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် ပညာပေးဆွေးနွေးမှုများကို အောက်တိုဘာ ၁၆ ရက်က မန္တလေး-ရွှေဘိုကားလမ်း လှတောကျေးရွာလမ်းဆုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် ဝက်လက်မြို့နယ်လှတောရဲစခန်းမှ စခန်းမှူး ရဲအုပ်ရဲညွှန့်နှင့် ရဲတပ်ဖွဲ့ဝင်များက ကိုယ်ပိုင်ကားများ၊ ထော်လာဂျီများနှင့် ဆိုင်ကယ်အသုံးပြုသူများ၊ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ် ကယ်ရီလုပ်ငန်းဆောင်ရွက်သူများအား ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ ဦးထုပ်အား မေးသိုင်းကြိုးတပ်ဆင်ရန်နှင့် ယာဉ်အသုံးပြုရာတွင် သတ်မှတ်ထားသော လိုင်စင်များ တစ်ပါတည်းယူလာရန် ယာဉ်မောင်းသူများအား ပညာပေးဆွေးနွေးပြီး စက်တင်ဘာ ၇ ရက်တွင် ပြဋ္ဌာန်းခဲ့သော ၂၀၁၅ မော်တော်ယာဉ်ဥပဒေသစ်နှင့် ပတ်သက်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နန်းမြင့်(ဝက်လက်)**



# မန္တလေးဆေးကျောင်းသားများက ညောင်တုန်းမြို့၌ ကျန်းမာရေးပညာပေး ဟောပြော

**မန္တလေး အောက်တိုဘာ ၁၉**

ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိနှင့် ကျန်းမာရေးဗဟုသုတများ ရရှိစေရေးအတွက် အောက်တိုဘာ ၁၇ ရက်က ညောင်တုန်းမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းသို့ မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသား ၁၅ ဦးပါဝင်သောအဖွဲ့သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်ဦး ဦးဆောင်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနေ့က ဟောပြောပွဲတွင် တစ်ကိုယ်ရေကျန်းမာရေးသိကောင်းစရာများ၊ ကလေးများတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးအကြောင်းအရာများ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ သိကောင်းစရာများ၊ ခုခံအားကျဆင်းမှုရောဂါ (AIDS) ရောဂါအကြောင်းသိကောင်းစရာများနှင့် ကူးစက်ရောဂါအကြောင်းအရာများ၊ ပတ်ဝန်းကျင်ရှိ ပလတ်စတစ်ဆိုးကျိုးများနှင့် သိကောင်းစရာအကြောင်းအရာများ၊ ကျန်းမာရေးအသိရှိရန်နှင့် သန့်ရှင်းသော မုန့်၊ အာဟာရဖြစ်စေသော မုန့်များစားသုံးကြရန် အကျယ်တဝင့် ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသားများအဖွဲ့သည် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်နှင့် ကျေးရွာများအထိ ကွင်းဆင်းကာ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**


## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၈/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ-Octane Analyzer(1 Unit), Low Sulphur Detector 1 Set, Tyre (2 Items) & Battery (3 Items)

(ခ) ဓာတုဗေဒပစ္စည်းများ- Caustic Soda 300 MT, Aluminium Trichloride (PAC) 100MT, Standard Gas (7 cyls)

(ဂ) ကုန်ကြမ်းပစ္စည်းများ-WPP-Bags(400000 Bags),

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ-Spare Parts of CO2 Compressor(1 Lot), Spare parts for Syn.gas Compressor (1 Lot), Raw Materials (9 Items), Spare parts for NG Compressor K-1201 (10 Items), Liquid Ammonia Pump (P-8101) with Motor Complete Set (1 Set), Instrument Air Compressor (K 6001) With Motor (Complete Set) and Process Air Condensate Pump (P 1301) (Without Motor) (2 Items), River Water Pump (Horizontal Centrifugal) without Motor (1 Set), Upgrading Of Existing Demineralization Unit (1 Lot), Naphtha Circulation Pump (PU-602)with Motor (1 No), Metallic Carbon Brush for C3 Ref Compressor Motor (60 PCS)

(ခ) ဓာတုဗေဒပစ္စည်းများ- Resin(2 Items)

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် -၂၃-၁၀-၂၀၁၅ရက်

တင်ဒါပိတ်မည့်ရက်/အချိန် -၂၃-၁၁-၂၀၁၅ရက်(၁၂:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန

ရုံးအမှတ်(၄၄)၊ နေပြည်တော်

Ph: 067-411123, 067-411193



## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
### (၉)ကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲဖိတ်ကြားခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၉)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲအား ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်တက်ရောက် ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

တင်သွင်းဖတ်ကြားမည့် စာတမ်းများကို အင်္ဂလိပ်လို-အကျဉ်း/အကျယ် (Time New Roman, Font 12, Line spacing 1.5, Page 12~15)ဖြင့် (Hard copy, Soft copy)များကို စာတမ်းရှင်အမည်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ဖော်ပြပေး၍ ၂၀-၁၁-၂၀၁၅ရက် နောက်ဆုံးထားပေးပို့နိုင်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။၁၂-၁-၂၀၁၆ နှင့် ၁၃-၁-၂၀၁၆

ကျင်းပမည့်အချိန်။ ။နံနက် ၈း၃၀နာရီ

ကျင်းပမည့်နေရာ။ ။ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စုဝေးခန်းမ၊

ဆက်သွယ်ပေးပို့ရန်။ ။ ဒေါက်တာကျော်ငွေ(ပါမောက္ခ၊ မြေဆီလွှာနှင့်ရေသိပ္ပံပညာဌာန) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(နေပြည်တော်)

**Ph:09-43016930, Email: kngwet @ gmail.com**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ပင်မဆောင်+တိုးချဲ့ဝင်း)တွင် နေ့/ည လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ၁၉-၁၀-၂၀၁၅ ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၁၀-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး



## ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ ဦးတင်ဦး-ဒေါ်ဌေးဌေးဝင်းတို့၏သား

ဗိုလ်ကြီးမျိုးကျော်သက် B.C.Sc(D.S.A)
M.I.C.Sc (MIET, Russia)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ ဦးစိုးနိုင်-ဒေါ်ယဉ်ယဉ်စမ်းတို့၏သမီး

မသဇင်စိုးစံ(ခ)မမေစုနိုင် (Dip in Health Science,Nursing)
Senior Staff Nurse (National Heart Centre Singapore)

တို့သည် ၁၈-၁၀-၂၀၁၅ရက်တွင် Sule Shangrila Hotel ၌ နှစ်ဖက်သော မိဘလူကြီးများ ရှေ့မှောက်တွင် ခေ့စပ်ပြီးစီးပါကြောင်း။

ဗိုလ်ကြီးမျိုးကျော်သက်-မသဇင်စိုးစံ



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ (၉)မီတာ ကွန်ကရစ်ကျောက်တိုင် အလုံး(၁၀၀)ကို မိတ္ထီလာဓာတ်အားခွဲရုံဝင်းအရောက် ဈေးနှုန်း(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၁၀-၂၀၁၅

တင်ဒါပိတ်မည့်ရက် - ၆-၁၁-၂၀၁၅

တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါကြီးကြပ်ရေးအဖွဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ပစ္စည်းစီမံရေးဌာန

ရုံးအမှတ်(၂၇)၊ နေပြည်တော်။

ဖုန်း-၀၆၇-၄၁၀၂၀၉



## မြင့်မြတ်
အမှတ်တံဆိပ်
## အမှုးပြေသောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံ့ဆဲလေးလံပြီး နားကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-TMR 011342 (0118)

ပင်ရင်း - ကြော့မင်းဆေးဟိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉ ၇၃၂ ၁၁၀၆၁၊ ၀၉ ၇၃၁ ၉၇၅ ၂၄၊ ၀၉ ၇၃၀ ၄၅၁၁၉

## ကြော်ငြာ

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း (ကျိုက္ကဆံစုပါဝင်။ တာမွေလေး၊ သလင်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အခွင့်ထိန်းသိမ်းဆောင်ရွက် (AccountNo.0075010070 1690301) ဘဏ်စာရင်းသို့ နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

POPULAR STAR TRAVEL & SERVICES
ဗုဒ္ဓဂယာ ခရီးစဉ် → စရိတ်သိန်း+Usd 750
(70,000 Ks Discount)
OCT 26, DEC, JAN 18, FEB 12, MAR 25
Ph: 01 2301866, 09 5129134, 09 786516520

အာရှနဂါး
Asia Dragon
Ph:01 707062, 09 799100100
01 703790, 09 797100100

မိးသတိပြု

GOLDEN STAR Travels & Tours
မန္တလေး-ပြင်ဦးလွင်-သိန္နီ Oct-23,27
Oct-23,27
Oct-23,27
Ph;01-703448, 209200, 544383, 09-5081580

ဆေးအကြိုက်
Shwe Tha Zin Co.,Ltd
bWin
ရေချိုးဆပ်ပြာရည်(မ်)
ပေါက်မိန့်ပါတ်များ

(၁၀) သိန်းဆု
F-0144519 F-0151114

(၅) သိန်းဆု
F-0112747 F-0117391 F-0295567 E-0102754
F-0182128 F-0191730 F-0161332 F-0100654

(၁) သိန်းဆု
F-0184505 F-0128128 F-0150290 F-0136462 F-0194008
F-0171010 F-0133993 F-0174544 F-0199068 F-0124681
F-0176818 E-0105234 F-0173545 F-0173163 F-0132192
E-0149325 F-0135150 F-0154270 F-0150698 F-0154485
F-0155066 F-0227219 F-0153093 F-0101149 F-0227910
F-0167786 F-0140186 F-0207860 F-0122777 F-0272761
F-0280490 F-0135085 F-0274134 F-0200304 F-0144282
F-0143107 F-0120104 F-0164598 F-0110774 F-0182146
F-0106338 F-0124707 E-0249079 F-0179898 F-0179893
F-0148134 F-0148127 F-0146448 F-0113058 F-0616117
F-0140070

ရွှေပလ္လင်
ရွှေပြည်သာ ဖွင့်ပြီ
နပ်ကော်ဖီကောင်းကောင်း သောက်လိုသူများအတွက်
ရွှေပလ္လင်
တွေ့ကြရအောင် ရွှေပလ္လင် မှာ...
အလှူမင်္ဂလာပွဲများအတွက် အထူးအော်ဒါများ လက်ခံပါသည်။
အမှတ်(၄)လမ်းမကြီး၊ PT Power ဓါတ်ဆီဆိုင်ဝင်းအတွင်း။ ဖုန်း - ၀၁-၅၇၁၈၇၄

### ဝန်ထမ်းအလိုရှိသည်

ရန်ကုန်ရုံးချုပ်အပါအဝင် ရုံးခွဲများတည်ရှိရာ မန္တလေး၊ နေပြည်တော်၊ ဖားကန့်တို့တွင် Battery ကုန်ပစ္စည်းနှင့်ပတ်သက်၍ အောက်ပါသတ်မှတ်ချက်များဖြင့်ကိုက်ညီသည့် အရောင်းဝန်ထမ်း ကျား/မ(၁၀)ဦး အလိုရှိသည်။

၁။ Battery နှင့်ပတ်သက်၍ အရောင်းလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး တစ်နှစ်ရှိရမည်။
၂။ ဘွဲ့ရပြီး ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
၃။ အကျင့်စာရိတ္တကောင်းမွန်ရမည်။
၄။ အသက်အပိုင်းအခြားအနေဖြင့် အသက်(၂၀)မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။

လျှောက်ထားလိုသူများသည် သက်ဆိုင်ရာအထောက်အထားများနှင့်အတူ မိမိတို့နှင့်နီးစပ်ရာ ရန်ကုန်ရုံးချုပ်နှင့်သက်ဆိုင်ရာ ရုံးခွဲများသို့လျှောက်ထားနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် - တိုက်(၄၀)၊ရွှေသရဖီရိပ်မွန်၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
Ph:01-504013, 535439

မန္တလေးရုံးခွဲ - အမှတ်(ဇ-၂၀၅)၊ဖြိုးရာဇာလမ်းနှင့်(၅၅)လမ်းကြား၊ စက်မှုဇုန်(၁)၊ ပြည်ကြီးတံခွန်မြို့နယ်။
Ph:02-5153139

နေပြည်တော်ရုံးခွဲ - အမှတ်(၁၅/၆၇၂)၊ ပေါင်းလောင်း(၁၇)လမ်း၊ ပျဉ်းမနားမြို့။
Ph:067-22775,09-8627875

ဖားကန့်ရုံးခွဲ - ဂ/၁၃၊ မာရှိက ထောင်ရပ်ကွက်၊ ဖားကန့်မြို့။
Ph:074-70378, 09-47106549

### "ဝါရွှေစင် " ပိုးထည်၏ သီတင်းကျွတ် အထူးအစီအစဉ် ဈေးရောင်းပွဲတော်ကြီး

"ဝါရွှေစင်" ပိုးထည်ဆိုင်များတွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့ မှ (၂၅)ရက်နေ့အထိ အထူးဈေးရောင်းပွဲတော်ကြီးကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် မိတ်ဟောင်း မိတ်သစ်များနှင့် "ဝါရွှေစင်" ချစ် customer များအားလုံး လာရောက်ဝယ်ယူအားပေးကြပါရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။ မေတ္တာလက်ဆောင်များနှင့် Discount အထူးအစီအစဉ်များလည်း ရှိပါသည်။

**အားပေးမှုကို အထူးပင်ကျေးဇူးတင်ရှိပါသည်။**

ဆိုင်(၁) - အမှတ် (၁၇)၊ မြခ္ခာညို(၁)လမ်း၊ မြခ္ခာညိုအိမ်ရာ(ယုဇန)၊ သာကေတမြို့နယ်။ ဖုန်း – ၀၉ ၄၀၀၀ ၂၈၈၆၆
ဆိုင်(၂) - အမှတ်(၁၁၄)၊ ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ဖုန်း – ၀၉ ၉၇၇၁၁၁၂၇၆
ဆိုင်(၃) - အမှတ်(၁၇၁)၊ သစ္စာလမ်းမကြီး၊ မိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။ ဖုန်း – ၀၉ ၄၀၀၀ ၂၈၈၇၇
ဆိုင်(၄) - အမှတ်(၉၃)အေ၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း – ၀၉ ၄၀၀၀ ၂၈၈၄၄

D FASHION
Professional fashion Designer, Pattern Cutter, Dress Maker ဖြစ်ချင်သူများအတွက်
Course (I) Course (II) Course (III) Course (IV)
Blouses,Shirt Vest,T-Shirt, Shirt, Jacket,Coat,Trouser
Illustration
Designer's Tool
Principal of Design
Present/Past/Future Silhouette
Pattern (Pattern Drafting)
(Cutting & Making)
(Detail by Timing)
LEVEL
U (B.Sc-Zoology)(Dip in Pattern Cutting & Design Singapore)
☎: 206148, 09-503 4163




# Designing a more valuable world

Hanwha, growing as a global top player through the development of a mega city in Bisyama and the construction of a global landmark, builds another special landmark 'TRITONE' in Myanmar, based on the state-of-the-art technology and enterprise capability.

Hanwha's Affiliated Companies

[ MANUFACTURING & CONSTRUCTION ] • Hanwha Corporation • Hanwha Techwin • Hanwha Thales • Hanwha Chemical • Hanwha General Chemical • Hanwha TOTAL Petrochemical • Hanwha Engineering & Construction • Hanwha Fine Chemical • Hanwha Q CELLS • Hanwha Q CELLS Korea • Hanwha Advanced Materials • Hanwha Energy • Hanwha City Development

[ FINANCE ] • Hanwha Life • Hanwha General Insurance • Hanwha Investment & Securities • Hanwha Asset Management • Hanwha Investment • Hanwha Savings Bank

[ SERVICES & LEISURE ] • Hanwha Hotels & Resorts • Hanwha Galleria • Hanwha Galleria Timeworld • Hanwha 63 City • Hanwha S&C • Hanwha Station Development

ကြော်ငြာ




Enquiry Hotline : 09-264554707

# TRITONE Same Sky, Exclusive World

## TRITONE Features

- Located at the 8 Mile Junction, Yangon, alongside Pyay Road
- Freehold Land
- Unobstructed panorama views
- Bespoke interiors to the highest specifications
- Pair-glass & stone finishing for energy efficiency
- World class 5-story shopping complex with cinema
- Full range of amenities
  - 25M lap swimming pool (4 lane) and children's pool
  - Gym and G/X room
  - Indoor golf range with screen play
  - Private lobby and business lounge




**Career Opportunity**

Sales 00, Marketing 00, Driver 00, Receptionist 00, Cleaning 00, Security 00, Account 00, HR 00, Engineer (Architectural 0, Civil 0, electrical 0, mechanical 0), Administration 00

For more info, tritonecareer@gmail.com

Hanwha

Living Square

SWEETY HOME®

PROMOTION DATE
10th to 31st Oct 2015

20th ANNIVERSARY
Since 1995

up to 20 % OFF

ရွှေ နှစ်ဆယ် ကျပ်သား
ရရှိနိုင်မည့်အခွင့်အရေးနှင့် ဆုမဲလက်မှတ်များစွာ



အထူးဆု (၁၀)ကျပ်သား
ပထမဆု (၃)ကျပ်သား
ဒုတိယဆု (၂)ကျပ်သား
နှစ်သိမ့်ဆု(၅)ဆု (၁)ကျပ်သား

"နှစ်(၂၀) ပြည့်အထိမ်းအမှတ်အနေဖြင့်" ငွေကျပ်တစ်သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ရွှေဆုအတွက်ကံစမ်းမဲလက်မှတ်တစ်စောင် ရယူနိုင်ပါသည်။



ဆိုဖာ
မွေ့ရာ
အငွေ့စုပ်စက်
ဂက်(စ်)မီးဖို
ထမင်းပေါင်းအိုး

စပရင်မွေ့ရာ၊ ရေမြှုပ်မွေ့ရာ၊ ပရိဘောဂ၊ မင်္ဂလာခန်းဝင်ပစ္စည်း အမျိုးမျိုးအပြင် ပြည်ပမှ တင်သွင်းသော အိပ်ခန်းသုံး ပစ္စည်းအမျိုးမျိုး နှင့် မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုးတို့အား
Sweety Home Living Mall များ နှင့် အမြို့မြို့အနယ်နယ်ရှိ Sweety Home အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ရန်ကုန် - ၀၁ ၅၅၁ ၅၉၁၊ ၀၁ ၈၅၅၀ ၃၅၈။ မန္တလေး - ၀၂ ၆၅၉၃၈၊ ၀၉ ၉၇၇၉ ၁၉၇၇၇၊ ၀၉ ၉၇၇၉ ၁၉၈၈၈။

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

ဝန်ထမ်းအလိုရှိသည်
မော်တာစက်ချုပ် မ(၁၅)ဦး
အဆောင်+ဆန်ပေးသည်။
ဖုန်း-၀၉-၃၁၂၇၅၆၇၇

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

လုံးဝမသက်ဆိုင်တော့ပါကြောင်း
ဒေါ်အေးမြင့် [၁၂/လမန(နိုင်)၀၄၃၅၅၀] နှင့် သားဖြစ်သူ မောင်ငွေစိုး(ခ)ပါမုန့်တို့သည် ဤကြော်ငြာပါသည့်ရက်မှစ၍ လုံးဝမသက်ဆိုင်တော့ပါကြောင်း။ ဒေါ်အေးမြင့်
[၁၂/လမန(နိုင်)၀၄၃၅၅၀]

ဒေါ်မီမီသက်
B.Sc(Zoo)
5,6,7,8,9တန်း သင်္ချာ၊ အင်္ဂလိပ်(ဝိုင်း)
Ph: 09-791195903

ပျောက်ဆုံးကြောင်း
ကျွန်မ မချိုချိုဝင်း [၁၀/မလမ(နိုင်) ၁၃၄၆၄၇]၏ နိုင်ငံကူးလက်မှတ်အမှတ် (M 527638) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉ ၇၉၀၆၁၀၀၃၄၈

YOUTH® INTERNATIONAL COLLEGE
Alternate Education for your Success

- The First Cisco Official Learning Partner in Myanmar
- Pearson VUE Test Center
- Edexcel Approved Center No.95942

edexcel
Approved Centre No.95942

HND Diploma in Computing သင်တန်းသားသစ်များ ခေါ်ယူခြင်း

❖ အဆင့်မြင့်ပညာရေး Higher Education သင်ခန်းစာများသင်ကြားရမည်ဖြစ်ပြီး ၂ နှစ်တက်ရောက်ရပါမည်။ သင်တန်းပြီးဆုံးလျှင် ၆၀ဘာဝအတွက် အာမခံချက်အပြည့်အဝပေးနိုင်သော အင်္ဂလန်နိုင်ငံ Edexcel အသိအမှတ်ပြု Higher National ဒီပလိုမာ ရရှိပါမည်။

❖ ၄င်း HND ဒီပလိုမာသည် နိုင်ငံတကာအသိအမှတ်ပြုဖြစ်သော်ကြောင့် အလုပ်အကိုင်ကောင်းများရရှိရန်လွယ်ကူသည့်အပြင် ယနေ့ခေတ်လုပ်ငန်းခွင်များတွင် Standard တစ်ခုသကဲ့သို့ လိုအပ်ချက်ဖြစ်လာသော Cisco CCNP ကိုပါ YOUTH International College မှ ပြည့်စွက်ထည့်သွင်း သင်ကြားပေးထားသောကြောင့် သင်တန်းသားများလုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်စေပါမည်။ ထို့အပြင် တတိယနှစ်ကို မြန်မာနိုင်ငံမှာဖြစ်စေ၊ နိုင်ငံခြားမှာ ဆက်လက်တက်ရောက်ပါက နိုင်ငံတကာ အသိအမှတ်ပြု B.Sc (Hons) Computing ဘွဲ့ ကိုရရှိမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များဖြစ်ကြသည့် ရည်မှန်းချက်ကြီးမားသော လူငယ်များကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစေနိုင်မည့် ဂိုဂိုကောင်းမွန်သော Learning Environment ဖြစ်သည့် YOUTH International College (MICT Campus) မှ နွေးထွေးစွာဖြင့်လက်ကမ်းကြိုဆိုနေပါသည် . .



Winter Intake
Admission Open!



City Campus :Room 6A, Pansodan Office Tower, Pansodan Middle Block, Ph: 01 254893, 09 500 3596,
MICT Campus: Room 605, Building 16, MICT Park, Ph: 09 3156 0855.

ကြော်ငြာ

ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan
မွေးနေ့ မင်္ဂလာ ဆုမွန်လွှာ
(၂၀- ၁၀- ၂၀၁၅)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan (11th Grader,ISY) ၏
(၁၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်း
များစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
ချစ်သော ဘွားဘွား ဒေါ်ခင်မြမြ၊ ဦးဦး၊ အန်တီနှင့် ညီအစ်ကိုမောင်နှမများ

ဒါနဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယနှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 800 USD + ၅၀၀၀ဝိ/-
သံဝေဇနီယ (၄)ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 700 USD + ၅၀၀၀ဝိ/-
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀ဝိ/- လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)
(၁၅)ရက်ခရီးစဉ်များ - အောက်တိုဘာ ၂၅ (သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀)၊ နိုဝင်ဘာ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ - ဖေဖော်ဝါရီ ၇၊ မတ် ၂၃၊ ဧပြီ ၁၀။
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။
ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့- အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဝဟင်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173
မန္တလေးရုံးခွဲ-(I-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ဖုန်း-09 402 64 8989, 09 5300305

ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan
မွေးနေ့ မင်္ဂလာ ဆုမွန်လွှာ
(၂၀- ၁၀- ၂၀၁၅)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan (11th Grader,ISY) ၏
(၁၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် လိုရာဆန္ဒ ပြီးပြည့်ဝပြီး
ပျော်ရွှင်ကြည်နူးဖွယ် မွေးနေ့ပေါင်းများစွာကို မိသားစုနှင့်အတူ
ရယူပိုင်ဆိုင်နိုင်ပါစေ။
နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးမှ ဝန်ထမ်းများ
Forever Gems by ရွှေနန်းတော်မှ ဝန်ထမ်းများ
Jewel Collection Manufacturing Co.,Ltd မှ မန်နေဂျာ/ဝန်ထမ်းများနှင့်
United GP Development Co.,Ltd @ 68 Residence မှ မန်နေဂျာ/ဝန်ထမ်းများ

ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan
မွေးနေ့ မင်္ဂလာ ဆုမွန်လွှာ
(၂၀- ၁၀- ၂၀၁၅)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan (11th Grader,ISY) ၏
(၁၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်
ပညာပြည့်ဝ နှလုံးလှလျက် မိဘကျေးဇူးအထူးသိတတ်ပြီး
လိမ္မာယဉ်ကျေးသော၊ အများအကျိုး သယ်ပိုး ထမ်းရွက်နိုင်စွမ်းသော
သမီးကောင်းရတနာလေးအဖြစ်ဖြင့် ပျော်ရွှင်ချမ်းမြေ့သောဘဝကို ဖေဖေ၊
မေမေတို့နှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။
ချစ်ဒယ်ဒီ ဒေါက်တာအောင်ကျော်ဝင်း + ချစ်မာမီ ဒေါက်တာသက်သက်ခိုင်
နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co.,Ltd
United GP Development Co.,Ltd @ 68 Residence




JCB
A Product of Hard Work
A great business decision
မိုးရာသီအထူးလျှော့ဈေး
(တစ်ကြိမ်သာရမည့်အခွင့်အရေး)
(၂၂)တန် Excavator JS 220 LC
USD 99,000/-
(၃)စီးသာ လက်ကျန်ရှိတော့သည်။
(၃၇)တန် Excavator JS 370 LC
USD 175,000/-
(၁)စီးသာ လက်ကျန်ရှိတော့သည်။
ဦးရာလူ စနစ်ဖြင့်
ရောင်းချပေးသွားမည်။
အောက်တိုဘာလကုန်အထိသာ
Exclusively Distributed by
Advantage Trade Company Ltd, - A Partner of RMA Group
Yangon Head Office - No.27(A),Kabaraye Pagoda Road ,Yankin Township, Yangon. Tel : (+95) 1 - 665 610
Mandalay Office - No. 517. Ah Yar Daw Block, Yangon-Mandalay Highway Road, Pyigyi Takthon Township, Mandalay. Tel :(+95) 2 - 515 4404
Hot Line: (+95) 9 448 040 440, (+95) 9 253 370 727


ရွှင်ပျော်ဆင်နွှဲ SAMSUNG ဈေးရောင်းပွဲ
Please visit us on - www.facebook.com/samsungmyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM
SAMSUNG

## (စင်ထရယ်)အထက(၁)လသာ ကျောင်းသားဟောင်းများက မြတ်ဆရာများအား ပူဇော်ကန်တော့မည်

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ (စင်ထရယ်)အထက(၁)လသာ ကျောင်းသားဟောင်းများသည် နှစ်စဉ် စဉ်ဆက်မပြတ်ပူဇော်မြဲ ဆရာကြီး၊ ဆရာမကြီးများအား ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၂၈ရက်(သီတင်းကျွတ်လပြည့်နေ့)(ဗုဒ္ဓဟူးနေ့) နံနက် ၈း၀၀နာရီတွင် အထက(၁)လသာ (ဗဟိုစံပြခန်းမဆောင်)၌ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည် ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအတွက် ကျင်းပရေးကော်မတီမှ အမှုဆောင်အဖွဲ့ဝင်များကိုယ်တိုင် လာရောက်အလှူခံမည်ဖြစ်ပါ၍ ပြည်တွင်း၊ ပြည်ပရှိ ကျောင်းသားဟောင်းများက စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းကြပါရန်နှင့် အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဦးအောင်နိုင် | ၀၉-၅၀၆၈၉၆၈ | ဦးခင်မောင်စိန် | ၀၉-၅၀၀၄၀၅၂ |
| ဦးနိုင်ဌေးဝင်း | ၀၉-၅၁၈၇၂၀၂ | ဗိုလ်မှူးခင်ညို(ငြိမ်း) | ၀၉-၂၅၀၃၃၅၅၄၆ |
| ဦးခင်မောင်ကြီး | ၀၉-၇၉၈၄၀၂၄၉၂ | ဦးအမင်း | ၀၉-၂၅၄၀၁၆၀၁၅ |
| ဦးစိန်ထွေး | ၀၉-၃၂၂၂၅၃၃၆ | ဦးအေးထွန်း | ၀၉-၅၀၅၉၂၇၂ |
| ဦးအောင်မြင့်(၁) | ၀၉-၃၀၂၉၉၀၅၅ | ဦးထင်ကျော် | ၀၉-၅၁၈၆၀၂၁ |
| ဦးခင်မောင်ဘို | ၀၉-၄၃၀၅၀၀၈၀ | ဦးထွန်းအောင်လှိုင် | ၀၉-၅၀၆၄၇၄၁ |

## တိုက်ရောင်းရန်ရှိသည်

RC (၃)ထပ် ရေ၊ မီး၊ စုံ

မျက်နှာပွင့် ၁၈ပေ၊ နောက်အရှည် ၁၂၅ပေ

အမှတ်(၁၈၇)၊ ၈၃×၈၄လမ်းကြား၊ ၂၉လမ်း၊ အရှုပ်အရှင်းမရှိ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**စုံစမ်းရန်ဖုန်း-၀၉-၂၀၁၀၇၇၁**

## မိဘအမည်မှန်

ဝမ်းတွင်းမြို့၊ အထက၊ တမာကုန်းကျောင်း၊ ဒသမတန်း(B)မှ မသီရိရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးနိုင် [၉/ဝတန(နိုင်)၀၀၄၀၈၂]နှင့် မိခင်အမည်မှန်မှာ ဒေါ်မြင့်သန်း [၉/ဝတန(နိုင်)၁၁၃၁၃၈]ဖြစ်ပါကြောင်း။

**ဦးကျော်မိုးနိုင်-ဒေါ်မြင့်သန်း**

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆) (၃၆)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆) စည်သူတပ်ခွဲမှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပသွားမည်ဖြစ်ပါသဖြင့် တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**-သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအတွက် အမျှပေးဝေခြင်း/ဆရာများကို ကန်တော့ခြင်း။**

၂၇-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ

သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ (မိသားစုများပါ)

**-မိတ်စုံညစာစားပွဲ**

၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၆နာရီမှ ၉နာရီထိ

Kone Myint Thar Restaurant

(၇)မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ (ဇနီးများပါ)

**-ဂေါက်သီးရိုက်ပြိုင်ပွဲ**

၂၃-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆နာရီ

တပ်မတော်ဂေါက်ကွင်း

**ဆက်သွယ်ရန်**

**မောင်မောင်-၀၉-၂၀၀၅၁၆၂ ပြည့်စုံ-၀၉-၅၀၀၇၉၂၉၊ သန်းအောင်-၀၉-၅၀၄၁၃၇၈**

**ဇော်ဝင်း-၀၉-၅၁၇၁၉၈၇၊ မျိုးအောင်-၀၉-၇၃၂၀၆၂၂၆၊ မြင့်ဝင်း-၀၉-၇၈၈၈၀၀၃၅၅**

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားချိန်စုံ ထွက်ခွာသည်။
Ph: 209077, 209388

တစ်အိတ်ဝယ်ရင် ပိုင်ပေးပါတယ်
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
09-73077711 ☎ 01-682844
09-43334222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး




### ရရှိနိုင်သောနေရာများ

- All Star (မန္တလေး)
- M2 (မန္တလေး)
- အမရာ (မန္တလေး)
- Mobile Mother (မန္တလေး)
- ရာဇာ (မန္တလေး)
- Moon Star 3 (မန္တလေး)
- မြန်နန်းနွယ် (မန္တလေး)
- Linn (ပျဉ်းမနား)
- Like (ပြင်ဦးလွင်)
- ငွေစင်ကြယ် (မြင်းခြံ)
- Core Tech (ပျော်ဘွယ်)
- Three Eleven (အင်းတော်)
- ကလူး (တောင်ကြီး)
- ရှမ်းလေး (သီပေါ)
- Pearl Junior (တောင်တွင်းကြီး)
- ဇင်ယော် (တောင်တွင်းကြီး)
- Hello Mobile (မုံရွာ)
- Hong Kong (မုံရွာ)
- ပြည့်စုံ (မုံရွာ)
- OVI (မြစ်ကြီးနား)
- Best Mobile (မြစ်ကြီးနား)
- Iris (မြစ်ကြီးနား)
- GOH - ဦးမောင်မောင်(မြိတ်)
- နေဝန်းနီ (မုဒုံ)
- Pearl Junior (မကွေး)
- 107 Mobile (သထံန်းကျွန်း)
- B3 (မန္တလေး - စက်မှု)
- Laser (နေပြည်တော်)
- Daewoo (ဘီးလင်း)
- မဲ့ဘူး (မိတ္ထီလာ)
- ကိုဒီးဒီး (မိတ္ထီလာ)
- Power Light (ပခုက္ကူ)
- ရွှေဇရာ (မကွေး)
- Chanceller (မုံရွာ)
- ရှမ်းလေး (မိုးညှင်း)
- Asia (မိုးကောင်း)
- Hello (တောင်ကြီး)
- KMD (ကျောက်ဆည်)
- အောင်ကမ္ဘာ (မြောက်ဥက္ကလာ)
- Naing Lin (သုဝဏ္ဏ)
- Royal Tech (သထံန်း ကျွန်း)
- Mobile Guide (တောင်ဒဂုံ)
- Blue Star (သန်လျင်)
- ရွှေမဟာမြိုင် (လှိုင်သာယာ)
- ကိုညီ + မဆွေ (လှိုင်သာယာ)
- လပြည့်ဝန်း ၂ (ခရမ်း)
- Satellite (ယုဇနပလာဇာ)
- KMC (ယုဇနပလာဇာ)
- Olympic (ယုဇနပလာဇာ)
- Super Like (ယုဇနပလာဇာ)
- စိန်ဟင်း (ပဲခူး)
- ကိုစည်သူ (ကျိုက်ကော်)
- Sky Net (မြောင်းမြ)
- နေခြည်ဦး ( ငါးသိုင်းချောင်း)
- ဆွေသဟာ (ဖျာပုံ)
- လင်းတာရာ (မအူပင်)
- Idea (ထားဝယ်)
- Rolex Baho (တောင်ငူ)

Authorized Distribution by: MIB GROUP | No. (2) Laydaungkan Road, Ward No. (26), South Dagon 1143, Yangon. Tel : +95-1 8100334 ~7 | Fax : +95-1 8100339 | Hotlines : 09-73100105 ~7 | **MDY Office** Hotlines : 09-73100103 ~4

ကြော်ငြာ




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၁၅-၂၀၁၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာမြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁။ | ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးဝင်း၊ စစ်တွေမြို့ | ကာကွယ်ဆေးသိုလှောင်သည့် အအေးခန်း၊ အစည်းအဝေးခန်းမနှင့် ရေညှိရိပ်သာ(၃)ထပ်အဆောက်အအုံ |

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံ၏ ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များ၊ မှိုင်မြဲပြုပုံစံများနှင့်ပတ်သက်၍လည်းကောင်း သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၃၁၁၄၃၊ ၀၆၇-၄၃၁၃၆၂ သို့လည်းကောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၃၁၄၃၆ သို့လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် | - | ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့)မှ ၆-၁၁-၂၀၁၅ရက် (သောကြာနေ့)ထိ |
| အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက် | | ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့)မှ ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)ထိ ရုံးချိန်အတွင်း နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ |
| တင်ဒါပုံစံတန်ဖိုး | | တင်ဒါပုံစံဈေးနှုန်းသည် လုပ်ငန်းတန်ဖိုး အလိုက်သတ်မှတ်ထားသောဈေးနှုန်း အတိုင်း ဖြစ်ပါသည်။ |
| အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ | - | အခြေခံကျန်းမာရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော် |
| အိတ်ဖွင့်တင်ဒါလက်ခံမည့်နေရာ | - | အခြေခံကျန်းမာရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော် |

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
**နေပြည်တော်**

**GOLDEN SUCCESS TRAVELS & TOURS**

**Ph: 09 253423943, 09 783382517, 09 421182517**

- သီတင်းကျွတ်လပြည့်နေ့ အထူးခရီးစဉ် Oct 27
- ပြည်၊ အကောက်တောင်၊ ပေါင်းတည်စွယ်တော်(နေ့ချင်းပြန်)
- မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ သထုံရွှေစာရံ(နေ့ချင်းပြန်)
- နေပြည်တော်(ဗုဒ္ဓဂယာ) ဆာဖာရီ၊ ရေပန်းဥယျာဉ် (၁ ညအိပ်)
- ၁၀ယောက်လျှင် ၁ ဦး free ပေးပါသည်။

**ဥမ္မာ**

**အပေးသင်တက္ကသိုလ်သင်တန်း**

ပထမနှစ်၊ မြန်မာစာ၊ မြန်မာမှု၊ သမိုင်းအထူးပြု
အနီးကပ်ရက်ပြတ်သင်တန်း
(26.10.2015 မှ 6.11.2015 အထိ)

## ဆောက်လုပ်ရေးဆိုင်ရာ အင်ဂျင်နီယာများအလိုရှိသည်

Winner Super Diamond Co.,Ltd တွင် Bore နှင့် Pile အတွက် တာဝန်ထမ်းဆောင်ရန် Ph.D, ME, BE, B.Tech (Civil & Mechanical) ဘွဲ့ရများ၊ GTI, THS (Civil & Mechanical) ကျောင်းဆင်းများ ကျား/မ (၃၀)ဦး အလိုရှိပါသည်။

စိတ်ပါဝင်စားသူများ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

၁။ နိုင်ငံသားစိစစ်ရေးကတ်ပြားလက်မှတ်မိတ္တူ
၂။ ဘွဲ့လက်မှတ်(သို့) ကျောင်းဆင်းလက်မှတ် မိတ္တူ
၃။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ
၄။ အလုပ်သမားမှတ်ပုံတင်လက်မှတ်
၅။ လိုင်စင် ဓာတ်ပုံ(၁)ပုံ
၆။ အသက်(၃၅)နှစ်ထက်မကြီးရ။

(မှတ်ချက်- Ph.D ဘွဲ့ရများနှင့် လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် အသက်လျှော့ပေါ့စဉ်းစားမည်။)

လျှောက်လွှာများကို အောက်ဖော်ပြပါလိပ်စာတွင် ၅-၁၁-၂၀၁၅ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

**အမှတ်၊ ၅၆-၅၈၊ မြေညီထပ်၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ ၅၁၉၁၈၃၃/၀၉ ၂၅၀၄၉၉၉၈၈**

တပ်ဆင်ပေးနေပါသည်။

အရောင်းဆိုင်ခန်း(၁) - Ph:01-545531,01-8603141, 09-5008161
အရောင်းဆိုင်ခန်း(၂) - Ph : 01-656521, 09-421024741
အရောင်းဆိုင်ခန်း(၃) - Ph: 01-642748, 09-421024711, 09-421024811

Hot Line No-0930500100


ယနေ့ မာတိကာ

လွယ်ကူရှင်းလင်းပါသည်
စာမျက်နှာ - ၂

ယခုနှစ်အတွင်း ထိုင်းလေဆိပ်များသို့ ခရီးသည်အဝင်အထွက် ၁၀၆ သန်းကျော်ရှိ
စာမျက်နှာ - ၄

ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာ
စာမျက်နှာ - ၈

ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ စုံတွဲတေးသီချင်းကြောင့် ရိုက်ခတ်လာခဲ့တဲ့ ဂယက်
စာမျက်နှာ - ၁၂

ဘိုင်ယန်ကို တိုက်စစ်ဆင်ကစားမည့် အာဆင်နယ်
စာမျက်နှာ - ၁၃


## လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်းသည့် တပ်မတော်၏အခန်းကဏ္ဍဆိုင်ရာများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ဥရောပ ပါလီမန်ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ၏ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ အကြီးအကဲ မစ္စတာ အလက်ဇန္ဒားဂရက်ဖ်လမ်းဘ်စဒေါ့ဖ်အား လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ☆

**သမ္မတကြီး၏ သက်တမ်းကာလအတွင်း တိုင်းပြည်ကောင်းစားရေးအတွက် မြစ်ဆုံစီမံကိန်းကို အပြီးသတ်ရပ်ဆိုင်းလိုက်မယ်ဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲ**

ကြယ်စင်သာ ၏ "ခရီးဆက်ပါ သမ္မတကြီးခင်ဗျား" ဆောင်းပါး စာမျက်နှာ - ၆

# မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက ဝါးဖြင့် အထပ်သားစမ်းသပ်ထုတ်လုပ်




နိုင်လင်းကြည်

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက ဝါးဖြင့် အထပ်သားစမ်းသပ်ထုတ်လုပ်မှုကို အောက်တိုဘာ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ဆွာမြို့ရှိ မြန်မာ-ကိုရီးယားအပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက်တွင် ပြုလုပ်ခဲ့ရာ စမ်းသပ်မှုအောင်မြင်ခဲ့ကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဝင်း၏ ပြောပြချက်အရ သိရသည်။

"ဝါးစိုက်တဲ့သူများလာရင် ဝါးကုန်ကြမ်းတွေရလာမယ်။ ဘယ်လိုဝါးမျိုးကိုမဆို အထပ်သားထုတ်လို့ရပါတယ်။ ဝါးက ထွက်လာတဲ့ကုန်ကြမ်းတွေကို ကုန်ချောထုတ်လို့ရအောင် အခုလိုအထပ်သားစမ်းသပ်ထုတ်လုပ်မှုကို စတင်လိုက်တာပါ။ ဝါးထရံကိုအသုံးပြုပြီးတော့ သုံးထပ်သား၊ ငါးထပ်သားတွေ ပထမဆုံးစမ်းသပ်လိုက်တဲ့အခါ စမ်းသပ်မှုအောင်မြင်ခဲ့ပါတယ်။ အခုလို စမ်းသပ်ထုတ်လုပ်ကြည့်လိုက်တဲ့အခါ ကုန်ကျစရိတ်သက်သာပြီး စနစ်တကျလုပ်နိုင်မယ့် နည်းလမ်းတွေလည်း တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံက

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✱

## တပ်မတော်စစ်ကြောင်းများနှင့် အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့များ ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းစံကျေးရွာ၏ အနောက်မြောက်ဘက် ခြောက်မိုင်ကျော်အကွာ နန့်ပန်ချောင်း၏ အနောက်ဘက်နယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် အက်စ်အက်စ်အေ(ဝမ်ဟိုင်း) အဖွဲ့များနှင့် ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အက်စ်အက်စ်အေ(ဝမ်ဟိုင်း) အဖွဲ့မှ အင်အားစုတချို့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်က ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီးတွင် ဝမ်ဟိုင်းဌာနချုပ်၌သာ အခြေပြုနေထိုင်ရန် သတ်မှတ်ထားခဲ့သော်လည်း ဝမ်ဟိုင်းဌာနချုပ်မှ တောင်ဘက် ၁၀ မိုင်ခန့်အကွာ နယ်မြေအတွင်း၌ အခိုင်အမာစခန်းဆောက်၍

**စာမျက်နှာ ၅ ကော်လံ ၄ သို့** ❒

## မသန်စွမ်းသူများ၏ ကျန်းမာရေး၊ တန်းတူဆက်ဆံရေးမြှင့်တင်ပေးရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

ကုလသမဂ္ဂက လူသားတိုင်းတန်းတူညီမျှဆက်ဆံရေးကို တိုးမြှင့်ကူညီထောက်ပံ့ပေးလျက်ရှိရာ ယခုဆိုလျှင် နှစ်(၇၀)တိုင်ခဲ့ပြီဖြစ်သည်။ မသန်စွမ်းသူများ ပညာသင်ကြားရေး၊ လူမှု အသိုက်အဝန်းတွင် ဝင်ဆံ့နိုင်ရေးနှင့် ၎င်းတို့အပေါ် လူအများကထားရှိသည့် အမြင်သဘောထားများ ပြောင်းလဲနိုင်ရေးအတွက် ကုလသမဂ္ဂမှ ကြိုးပမ်းလျက်ရှိသည်။

ကမ္ဘာပေါ်တွင် လူသန်းပေါင်းခုနစ်ထောင်ကျော်အနက် မသန်စွမ်းသူ သန်းနှင့်ချီရှိနေပြီး ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်ရှိနေသဖြင့် မသန်စွမ်းသူများလည်း အခြားသူများနည်းတူ အထွေထွေကျန်းမာရေးဂရုစိုက်မှု လိုအပ်နေသည်။ မသန်စွမ်းသူများတွင် လွဲမှားသော ကျန်းမာရေး ဂရုစိုက်မှုများရှိနေ၍ မသန်စွမ်းသူများ၏ ၅၀ ရာခိုင်နှုန်းတွင် ကျန်းမာရေးအတွက် အသုံးစရိတ်ကြီးမားစွာ

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❖









themirror.npt@gmail.com
www.facebook.com/themirrordaily